# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၅)ရက် ၊ တနင်္ဂနွေနေ့ ၊ (15-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၆)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးငလျင်ကြီးကြောင့် အင်းလေးဒေသကျေးရွာများအတွင်းပျက်စီးသွားသည့် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၁၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် မန္တလေးငလျင်ကြီးကြောင့် အင်းလေးဒေသကျေးရွာများအတွင်း ပျက်စီးသွားသည့် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ်ရှိ ဘီလူးချောင်းပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် စာမျက်နှာ ၁၆ ကော်လံ ၄

လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ စာမျက်နှာ- ၁၉

## မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၁၄

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ချင်းပြည်နယ်၊မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

စာမျက်နှာ ၁၆ ကော်လံ ၁




Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်း ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ ဈေးဝယ်ခြင်း ၊

E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊

Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၁၅ ရက်
အယ်ဒီတာ့အာဘော်

# ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာမရှိပါက နိုင်ငံရေးဖြစ်စေ၊ စီးပွားရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

**"နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဝန်ထမ်းများအတွက်လည်း ဝတ်စုံစရိတ်များ၊ အိမ်ငှားခများ၊ ထောက်ပံ့ကြေးများ၊ ပညာရပ်ပိုင်းဆိုင်ရာ ချီးမြှင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ထိုသို့ဆောင်ရွက်ပေးနေခြင်းမှာ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများ အနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျေပွန်စွာ၊ အာရုံစူးစိုက်မှုအပြည့်ရှိစွာဖြင့် ထမ်းဆောင်စေလို၍ဖြစ်ကြောင်း၊ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများမွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန် ၁၁ ရက်တွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများကိုတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအတွက် KG+9 ထိ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိသည်။ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် သင်ကြားရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် စာပေပညာ၊ လူမှုဆက်ဆံ အသိပညာများရရှိစေရေး သင်ကြားပေးသွားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူပေါကြွယ်ဝစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး ပညာရေးကဏ္ဍကို အားပေးမြှင့်တင်ပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးပြီး ပညာရေးကဏ္ဍမြင့်မားစေရန် အဘက်ဘက်မှပံ့ပိုးပေးလျက်ရှိသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ချက်ခိုင်မာမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင်လည်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပညာတတ်များမရှိဘဲ ဆောင်ရွက်၍မရသည်ဖြစ်ရာ ပညာတတ်များ၊ ပညာရှင်များအခန်းကဏ္ဍသည် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရေး နိုင်ငံတော်နှင့်အတူ မိဘပြည်သူများ၊ ဆရာ၊ ဆရာမများက ဝိုင်းဝန်း၍ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သော အမျိုးသမီးဘော်လီဘောအသင်းနှင့် အမျိုးသားဘော်လီဘောအသင်းတို့ကို ကြိုဆိုဂုဏ်ပြုပွဲကျင်းပ




**မန္တလေး ဇွန် ၁၄**

၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပထမတံခွန်စိုက်ဆုဖလား ရရှိခဲ့သော အမျိုးသမီးဘော်လီဘောအသင်းနှင့်ဒုတိယဆုရရှိခဲ့သောအမျိုးသား ဘော်လီဘောအသင်းတို့ကို ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၃ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အောင်ပွဲရ အားကစားအသင်းမှ အဖွဲ့ခေါင်းဆောင်နှင့် အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့သည့်အတွက် ပထမတံခွန်စိုက်ဆုကို သုံးနှစ်ဆက်တိုက် ရရှိခဲ့ပြီး အကောင်းဆုံး အားကစားဆုများကိုလည်း ထပ်မံရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်သည့် အားကစားသမားများ ဖြစ်လာအောင် လေ့ကျင့်မှုများကို ယခင်ကထက် ဆတက်ထမ်းပိုးကြိုးစားလေ့ကျင့်နေရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘောအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများက ပထမတံခွန်စိုက်ဆုဖလားကို အပ်နှံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အားကစားအသင်းမှ အားကစားသမားများနှင့် ထူးချွန်အားကစားသမားများကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအသင်း အဖွဲ့ ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများက တစ်ဦးချင်း မိတ်ဆက်ပေးပြီး အုပ်ချုပ်သူက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စစ်ကိုင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၂၆၉၄ ဧက စိုက်ပျိုးမည်

**စစ်ကိုင်း ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၂၆၉၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၅၇၉ ဧက၊ မြင်းမူမြို့နယ်တွင် ၂၀၅၆ ဧက၊ မြောင်မြို့နယ်တွင် ၅၉ ဧက စုစုပေါင်း ၂၆၉၄ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ လျှော်ဖြူ ၂၆၉၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ လျှော်ဖြူက ရေငတ်ဒဏ်ခံနိုင်တယ်။ မြေအမျိုးအစားမရွေးပေါက်ရောက်တယ်။ အပူပိုင်းဒေသမှာပေါက်တဲ့ အပင်မျိုးလဲဖြစ်ပါတယ်။ မိုးရေချိန်နည်းပါးတဲ့ ဒေသတွေမှာ လျှော်ဖြူကို စိုက်လို့ရပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

လျှော်ဖြူစိုက် တောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် ဓာတုကင်းစင်သည့် GAP နည်းစနစ်ဖြင့်စိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးနေပြီး GAP နည်းစဖြင့်စိုက်ပျိုးသည့် စိုက်ခင်းမှထွက်ရှိလာသော လျှော်ဖြူကို GAP လက်မှတ် ထုတ်ပေးမည်ဖြစ်ကာ GAP နည်းစနစ်ဖြင့် စိုက်ပျိုးသော လျှော်ဖြူသည် အခြားနည်းစနစ်ဖြင့် စိုက်ပျိုးသည့် လျှော်ဖြူထက် ဈေးကွက်ပိုမိုခိုင်မာလာနိုင်ကြောင်း၊ လျှော်ဖြူအထွက်နှုန်းတိုးပွားရေးနှင့် လျှော်ဖြူဈေးကွက်ဝင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လျှော်ဖြူအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ ထွက်ရှိပြီး ဇွန်လဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ထွက်ရှိတဲ့ကြက်ဟင်းခါးသီးတွေအရောင်းအဝယ် ကောင်းလာပါတယ်။ လက်ရှိ ဒေသမှာစိုက်ထားတဲ့ ကြက်ဟင်းခါးသီးတွေ ထွက်နေပါတယ်။ ကြက်ဟင်းခါးသီးတွေက အရည်အသွေးလဲ ကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်ယူမှုများနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းပါတယ်။ အထွက်နှုန်းလဲ ကောင်းနေပါတယ်"ဟု ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် (၁၆)မိုင်စစ်ဆေးရေးဂိတ်၊ မြစ်ငယ်-ထုံးဘိုလမ်း၊ တံတားဦးလမ်းပိုင်းတို့ကို ကွင်းဆင်းစစ်ဆေး




**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇွန် ၁၃ ရက်က (၁၆) မိုင်စစ်ဆေးရေးဂိတ်၊ မြစ်ငယ်-ထုံးဘိုလမ်း၊ တံတားဦးလမ်းပိုင်း တို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်(၁၆)မိုင်စစ်ဆေး ရေးဂိတ်သို့ရောက်ရှိပြီး Oriental Highway ဆောက်လုပ်ရေးကုမ္ပဏီ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ က လုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းပိုင်းအခြေအနေများနှင့်ပတ် သက်၍ ရှင်းလင်းတင်ပြရာ တိုင်း ဒေသကြီးဝန်ကြီးချုပ်က ၁၆ မိုင်မှ ၁၃ မိုင်/၄ ဖာလုံကြားနှင့် တိုးဂိတ် အနီးဝန်းကျင်တို့တွင် အများပြည် သူအသုံးပြုသည့် လမ်းမကြီးပေါ် တွင် မြင်ကွင်းလှပကောင်းမွန်စေ ရေး၊ ရေစီးရေလာကောင်းမွန်စေ ရေး၊ နိုင်လွန်ကတ္တရာခင်းခြင်း စသည့်လုပ်ငန်းများကို လမ်းပိုင်း အလိုက်၊ ကဏ္ဍအလိုက်လုပ်ငန်း များ၊ အမြန်ဆုံးအကောင်အထည် ဖော်ဆောင်ရွက်သွားရေး၊ မန္တလေး -ပြင်ဦးလွင်လမ်းပိုင်း ၂၅ မိုင်နေရာ တွင် အရိပ်ရသစ်ပင်ကြီးများ စိုက် ပျိုးသွားရေးတို့ကို အလေးထား ဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်း များ အမြန်ဆုံးအကောင်အထည် ဖော်ပြီးစီးရေးအတွက် သက်ဆိုင် ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြော ကြား၍ လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ငယ် -ထုံးဘို တိုးဂိတ်သို့ရောက်ရှိပြီး ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူ များ၏ ရှင်းလင်းတင်ပြမှုများ အပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ် က ယာဉ်အန္တရာယ်ကင်းရှင်းစေ ရန် ယာဉ်ကြောရှုပ်ထွေးမှုများ မဖြစ်ပေါ်စေရေး၊ ယာဉ်စစ်ဆေး ခြင်းများ စနစ်တကျဖြစ်စေရေး၊ လမ်းမကြီးပေါ်တွင် ရေဝပ်ရေတင် ခြင်းများမရှိစေရန် ရေနုတ်မြောင်း စနစ်များကောင်းမွန်စေရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးပြီးနောက် အခြေခံ ပညာ အထက်တန်းကျောင်း (အုန်းချော)နှင့် အခြေခံပညာ အထက်တန်းကျောင်း (ပလိပ်) သွားရောက်ကာ တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာဖြေခန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထား ရှိမှုများကို လိုက်လံကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲပြီးဆုံးသည်ထိ ဖြေဆိုနိုင် ရေး အားလုံးဝိုင်းဝန်း ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြော ကြားပြီး လိုအပ်သည်များကို ဖြည့် ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်း ဒေသကြီးဘဏ္ဍာရန်ပုံငွေ (ငွေလုံး ငွေရင်း)ဖြင့် ဆောင်ရွက်မည့် ကျောက်ဆည် - တံတားဦးလမ်း မိုင်တိုင် ၁၆/၆ မိုင်မှ ၁၉/၇ မိုင် (နှစ်မိုင်၊ ခြောက်ဖာလုံ) မူလ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် တိုးချဲ့ခြင်းလုပ်ငန်းကို ကွင်းဆင်း စစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**

# ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၅၅ ဧကထိ စိုက်ပျိုးပြီးစီး

**ရေဦး ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦး ခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုး ရာသီ၌ ရေဦးမြို့နယ်တွင် ပဲစင်းငုံ ၆၂၄ ဧက စိုက်ပျိုးရန်လျာထား ပြီး ဇွန်လပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲစင်းငုံ ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထား ပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက် ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေး နေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာ မှာလဲ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက် ပေးထားပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြ သလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနက မျိုးကောင်းမျိုး သန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းရေး၊ အထွက် နှုန်း ကောင်းမွန်ရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်း အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေ ရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး လာမည်ဖြစ်၍ ပဲစင်းငုံကို တိုးချဲ့ စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မြစ်သားမြို့နယ် ခန္တီးလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြစ်သား ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ခန္တီး လေးကျေးရွာ၌ မြစိမ်းရောင်ကျေး ရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်း များဆောင်ရွက်နေမှုကို ဇွန် ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကျောက်ဆည်ခရိုင် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ခန္တီး လေးကျေးရွာ၌ မြစိမ်းရောင်ကျေး ရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင် ရွက်နေသော စိုက်ပျိုးရေးလုပ်ငန်း နှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြစ်သားမြို့နယ် ခန္တီးလေး ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်မှစတင်ဆောင် ရွက်ခဲ့ရာ ယခုနှစ်တွင် ဒသမအကြိမ် အဖြစ် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၉ သန်း ထုတ်ချေးပေး ထားကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်အစုံပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ပုစွန်အစုံပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်း ဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသမှထွက် ရှိသည့်ပုစွန်များဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ရေထွက်ကုန် တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနေပါတယ်။ မေလအတွင်းက ပုစွန်အစုံ ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ပုစွန်တွေအပါ အဝင် အခြားရေထွက်ကုန်တွေကိုပါ ကုန် ချိန်အများအပြား တင်ပို့ရောင်းချနေရတာ ကြောင့် ရေထွက်ကုန်ပစ္စည်း တင်ပို့ ရောင်းချသူတွေ အလုပ်အကိုင်အခွင့် အလမ်း ကောင်းလာပါတယ်။ ရေထွက် ကုန်တွေကို ကုန်တင်ကားတွေနဲ့ ရန်ကုန် ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချ ခဲ့ရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဆိတ်တစ် ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၃၅၀၀၊ ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀၊ ပုစွန်တုပ် တစ်ပိဿာ လျှင် ငွေကျပ် ၃၆၅၀၀ မှ ၄၅၀၀၀ စသည် ဖြင့် လတ်ဆတ်မှု၊ အရွယ်အစားပေါ်မူတည် ၍ ဈေးအနိမ့်အမြင့်ရှိကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်တင်တင်မေက ဆက်လက် ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စီးပွားရေးလုပ်ငန်းများအတွက် လူသားဆန်မှု

မျိုးသူ(ကုန်သွယ်မြှင့်)

❖ ကျွန်တော်တို့သည် လုပ်ကိုင်နေသည့် လုပ်ငန်းခွင်အတွင်းမှ လူသားဆန်ခြင်းကို စတင်နိုင်သည်။ လုပ်ငန်းငယ်တစ်ခုဖြစ်စေကာမူ လုပ်ငန်းခွင်အတွင်းတွင် ပါဝင်နေသောလုပ်သားများ၊ ဝန်ထမ်းများနှင့် ဆက်ဆံရေးကို လူသားဆန်စေရန် ပထမဦးစွာ လုပ်ဆောင်ပေးနိုင်ရန် လိုအပ်သည်။ နည်းပညာပိုင်းတွင် တိုးတက်လာသည်နှင့်အမျှ လူသားများ၏ လုပ်အားနေရာတွင် စက်များ၊ စက်ရုပ်များကိုသုံးစွဲပြီး လုပ်ကိုင်နိုင်သော်လည်း လုပ်သားများနှင့် ဝန်ထမ်းများကို လုံးဝ ပစ်ပယ်၍ မရနိုင်သည်နှင့်အမျှ လူသားဆန်မှုသည်လည်း အရေးကြီးမြဲဖြစ်သည်။ ❖

လူသားဆန်ခြင်းဆိုသည့် အဓိပ္ပာယ်သည် ကျယ်ဝန်းပြီး လေးနက်သည်။ လူသားဆန်ခြင်းဆိုရာတွင် မေတ္တာတရား၊ ကိုယ်ချင်းစာခြင်း၊ တန်ဖိုးထားလေးစားခြင်း၊ အပြန်အလှန်ဆက်ဆံရေးကောင်းမွန်ခြင်း၊ ကျေးဇူးတရားကို သိတတ်ခြင်း စသည့် အချက်များ များစွာပါဝင်နေသည်။ စီးပွားရေးဆိုရာတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် အကျိုးအမြတ်စသည်များ ပါဝင်နေပြီး အခြေခံအားဖြင့် ငွေကြေးအမြတ်အစွန်းကို အဓိကထားတွက်ချက်ခြင်း ဖြစ်သည်။ ထို့ကြောင့် အထက်ပါအချက်နှစ်ခုသည် ဆန့်ကျင်သော သဘောနှစ်ခု ဖြစ်နေသယောင်ရှိသော်လည်း လက်ရှိခေတ်တွင် အကျိုးအမြတ်နှင့် စက်ရုပ်ဆန်သော အလုပ်မျိုးအစား တစ်ဦးနှင့်တစ်ဦးလေးစားပြီး လူသားကို ဗဟိုပြုသော အတွေးအခေါ်နှင့်ဆင်ခြင်တုံတရားဖြင့် စီးပွားရေး လုပ်ကိုင်ကြခြင်းကို ပိုမိုအားပေးလာသည်ကို တွေ့မြင်နိုင်သည်။ စီးပွားရေးလုပ်ငန်းများတွင် လူသားဆန်မှုကို ထည့်သွင်းစဉ်းစားပြီး လုပ်ကိုင်ကြခြင်းဖြင့် ရေရှည်တွင်အောင်မြင်သော၊ အများအတွက် ကောင်းမွန်အကျိုးပြုသော လုပ်ငန်းအဖြစ် နာမည်ဂုဏ်သတင်းထင်ရှားခြင်းကို ရရှိလာစေနိုင်သည်။ ထို့ပြင် လူအများ၏ စိတ်သဏ္ဌာန်တွင် လူသားဆန်သော စီးပွားရေးလုပ်ငန်းများသည် တစ်ခါဆက်ဆံရုံမျှဖြင့် စွဲထင်ကျန်ရစ်ပြီး တစ်သက်တာလုံး ဆက်ဆံလိုသည့် စီးပွားရေးလုပ်ငန်း ဖြစ်စေနိုင်ပါသည်။ လူသားဆန်သော စီးပွားရေးလုပ်ငန်းတစ်ခုကို ထူထောင်မည်ဆိုပါက လူ့တန်ဖိုးကိုအလေးထား စဉ်းစားရမည်ဖြစ်သည်။ ငွေကြေးအကျိုးအမြတ်တစ်ခုတည်းကိုသာ ဦးစားပေးခြင်းမျိုးမဟုတ်ဘဲ မိမိလုပ်ငန်းပတ်ဝန်းကျင်တစ်ခုလုံးတွင် ပါဝင်သော လူသားအားလုံးအတွက် ကောင်းမွန်သည့် အချက်များဖြင့် အကျိုးပြုနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းမျိုးဖြစ်သည်။ ဈေးကွက်ထိုးဖောက်သည့် လုပ်ငန်းတွင်ပင် လူသားဆန်မှုကို ထည့်သွင်းလုပ်ကိုင်ခြင်းဖြင့် ပိုမိုအောင်မြင်သော စီးပွားရေးလုပ်ငန်းဖြစ်ပေါ်နိုင်သည်ဟု ယခုအခါ သုံးသပ်စဉ်းစားလာကြသည်။ ပတ်ဝန်းကျင်ရှိ လူသားများကို ကောင်းကျိုးပြုနိုင်ခြင်းသည် လူ့ဘောင်လူ့လောက လူ့အဖွဲ့အစည်းတစ်ခုလုံးကို အကျိုးပြုခြင်းလည်းဖြစ်လာသည်။

**လုပ်ငန်းခွင်အတွင်း လူသားဆန်ခြင်း**

ကျွန်တော်တို့သည် လုပ်ကိုင်နေသည့် လုပ်ငန်းခွင်အတွင်းမှ လူသားဆန်ခြင်းကို စတင်နိုင်သည်။ လုပ်ငန်းငယ် တစ်ခုဖြစ်စေကာမူ လုပ်ငန်းခွင်အတွင်းတွင် ပါဝင်နေသောလုပ်သားများ၊ ဝန်ထမ်းများနှင့် ဆက်ဆံရေးကို လူသားဆန်စေရန် ပထမဦးစွာ လုပ်ဆောင်ပေးနိုင်ရန် လိုအပ်သည်။ နည်းပညာပိုင်းတွင်တိုးတက်လာသည်နှင့်အမျှ လူသားများ၏ လုပ်အားနေရာတွင် စက်များ၊ စက်ရုပ်များကိုသုံးစွဲပြီး လုပ်ကိုင်နိုင်သော်လည်း လုပ်သားများနှင့် ဝန်ထမ်းများကိုလုံးဝ ပစ်ပယ်၍ မရနိုင်သည်နှင့်အမျှ လူသားဆန်မှုသည်လည်း အရေးကြီးမြဲဖြစ်သည်။ လူတစ်ဦး၏ ကုန်ထုတ်စွမ်းအားသည် သူ၏စိတ်ခံစားချက်၊ အာရုံစူးစိုက်မှု၊ စိတ်အားထက်သန်မှု တို့အပေါ်တွင် များစွာမူတည်နေသည်ကို တွေ့နိုင်သည်။ ထိုအချက်ကြောင့်ပင် ကုန်ထုတ်လုပ်မှု တိုးတက်စေလိုပါက လုပ်ငန်းခွင်အတွင်းတွင် လူသားဆန်ခြင်းနှင့် ကိုယ်ချင်းစာတရားကို များများလုပ်ဆောင်ပေးနိုင်ရန် လိုအပ်သည်။ လုပ်သားနှင့် ဝန်ထမ်းများအနေဖြင့် သူတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနေသည်ကို မြင်နိုင်ကြပြီး လုပ်ငန်းခွင်သည် စိတ်ချလုံခြုံမှုရှိသည့် မိမိနှင့်မိမိ မိသားစုအတွက် အနာဂတ်ရှိသော လုပ်ငန်းဖြစ်သည်ဟု ယူဆသည်နှင့်အမျှ လုပ်ငန်းအပေါ် ချစ်ခင်စိတ်နှင့် လုပ်ငန်းတိုးတက်စေရန် ကြိုးစားလိုစိတ်များ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုသည်လည်း ကျွမ်းကျင်သော ဝန်ထမ်းနှင့် လုပ်သားများကြောင့် တိုးတက်လာမည်ဖြစ်သည်။ ဝန်ထမ်းနှင့်လုပ်သားတစ်ဦးအတွက် လစာနှင့်စရိတ်၊ ခွင့်ခံစားရမှု၊ ဘောနပ်စ်ရရှိနိုင်ခြင်း စသည့်အချက်များကိုလည်း လူသားဆန်မှုပေါ်အခြေခံထားသည့် စည်းမျဉ်းစည်းကမ်းများဖြစ်ပါက ကုန်ထုတ်စွမ်းအားသည်လည်း မုချတိုးတက်လာမည်ဖြစ်သည်။ လုပ်ခလစာမှ စ၍ လောက်ငသော အခြေအနေရှိမရှိ၊ ခွင့်သည် လိုအပ်သည့်အတိုင်းအတာအတွက် လုံလောက်မှုရှိမရှိ၊ လုပ်ခွင်အတွင်း အားလပ်ချိန် ရှိ မရှိ၊ အပတ်စဉ် အနားပေးခြင်းများရှိမရှိစသည်တို့သည်လူသားဆန်မှုနှင့် ပတ်သက်ဆက်နွယ်လျက်ရှိသည်။ လုပ်ငန်းရှင်နှင့် မန်နေဂျာများသည် ကိုယ်ချင်းစာတရားအပေါ် အခြေခံစဉ်းစားလျှင်ပင် လုပ်ငန်းခွင်သည် ဝန်ထမ်းနှင့် လုပ်သားများအတွက် သာယာလာမည်ဖြစ်ပါသည်။ ဝန်ထမ်းများ ထိန်းသိမ်းမှုအပိုင်း သည် လူသားဆန်မှုနှင့် လုပ်ငန်းခွင်အတွင်း ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများနှင့်လည်း သက်ဆိုင်နေပြီး ကောင်းသောလုပ်ခွင် ဖြစ်သည်နှင့်အမျှ လုပ်သားနှင့် ဝန်ထမ်းများ ပြောင်းလဲခြင်း၊ နုတ်ထွက်ခြင်းများ လျော့ကျသွားမည်ဖြစ်သည်။ တိုယိုတာကုမ္ပဏီတွင် အသက်အရွယ် အိုမင်းလာသည့်တိုင်အောင် နှစ်ပေါင်း လေးဆယ်ကျော် မပြောင်းရွှေ့ဘဲ တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းနှင့် လုပ်သားအများအပြားရှိသည်ဟု သိရသည်။ ထိုအချက်တစ်ခုတည်းနှင့်ပင် လုပ်ငန်းသည် အောင်မြင်တိုးတက်မှုနှင့်နီးစပ်လာသည်။ လုပ်သားများ နုတ်ထွက်မှုနည်းပါးသည်နှင့်အမျှ လူသစ်ရှာဖွေရခြင်း၊ လူသစ်မွေးမြူပြီး ကျွမ်းကျင်အောင် ပြန်လည်လေ့ကျင့်ပေးရခြင်းမျိုး နည်းပါးပြီး အချိန်နှင့်ငွေကုန်ကျမှုများ လျော့ကျပြီး ကုန်ကျစရိတ်ကို သက်သာစေသည်။ ဝန်ထမ်းများကို လုပ်ခွင်တွင် ပွင့်လင်းလွတ်လပ်စွာ တင်ပြခွင့်၊ ပြောဆိုခွင့်များခွင့်ပြုသည်နှင့်အမျှ တီထွင်ဆန်းသစ်မှုအပိုင်းတွင်လည်း တိုးတက်လာနိုင်သည်။ အထူးသဖြင့် ဝန်ထမ်းနှင့်လုပ်သားများသည် လူသားများဖြစ်သည်နှင့်အညီ လူသားဆန်စွာ ဆက်ဆံခံရခြင်းသည် စိတ်ကျေနပ်မှုကို ရရှိစေမည်ဖြစ်သည်။

**ဈေးကွက်၊ ဖောက်သည်များကို လူသားဆန်ခြင်း**

ဈေးကွက်ဖော်ဆောင်သည့်နေရာနှင့် ဈေးကွက်ရရှိပြီးသည့် အခြေအနေမျိုးများတွင်လည်း လူသားဆန်မှု၊ ဝယ်ယူသူအားလုံးအပေါ် ကိုယ်ချင်းစာခြင်း၊ စိတ်ကျေနပ်မှုရရှိစေရန် ဝန်ဆောင်မှုပေးနိုင်ခြင်း၊ ဖောက်သည်များကို တန်ဖိုးထား လေးစားစွာ ဆက်ဆံခြင်း၊ ဖောက်သည်များ တစ်ဦးချင်း၏လိုအင်ဆန္ဒများကို ကောင်းစွာသိရှိခြင်း၊ စသည့်အချက်များနှင့် လူမှုရေးကျင့်ဝတ်များ Business Ethics များကို လေးစားလိုက်နာမှုများသည် ဈေးကွက်နှင့် ဖောက်သည်များအပေါ် လူသားဆန်ခြင်းပင်ဖြစ်သည်။ ရောင်းချသော ကုန်ပစ္စည်းသည် ဖောက်သည်များ ကျေနပ်မှုရှိရမည်ဖြစ်သည်။ ထိုအချက်ကို AI and Big Data စသည့်နည်းပညာ အကူအညီများဖြင့် တစ်ဦးချင်းဆန္ဒကိုနားလည်ပြီး ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားလာကြသည်။ Facebook ကဲ့သို့ လူမှုရေးမီဒီယာများတွင်ပင် ကြည့်ရှုသူက အကြောင်းအရာတစ်ခုကို ကြည့်ရှုသည့် အချိန်စက္ကန့်ပိုင်းမျှ အပိုင်းအခြားကို မှတ်သားထားပြီး စိတ်ဝင်စားစွာ အချိန်ပိုမိုပေးသည့် အကြောင်းအရာကို မှတ်သားထားပြီး သက်ဆိုင်သည့် ကြော်ငြာများ၊ သက်ဆိုင်သည့်အချက်များကို ဆက်တိုက်ပေးပို့တတ်သည်။ ဥပမာအားဖြင့် ကြည့်ရှုသူတစ်ဦးသည် အိမ်ခြံမြေဈေးနှုန်းများကို စိတ်ဝင်စား ကြည့်ရှုသည်နှင့်တစ်ပြိုင်နက် အဆိုပါ အိမ်ခြံမြေလုပ်ငန်း၊ ဈေးနှုန်း စသည်တို့နှင့် ပတ်သက်သည့် ကြော်ငြာများ၊ သတင်းအချက်အလက်များကို မြိုင်မြိုင်ဆိုင်ဆိုင် ပေးပို့လာတတ်သည်။ ထိုကဲ့သို့ပင် လူကြိုက်များသော အစားအစာများကို AI နည်းပညာဖြင့် ဖော်ထုတ်နိုင်လာသည်နှင့်အမျှ လူသားဆန်သည့် အကြောင်းအရာများကိုလည်းနည်းပညာနှင့် ယှဉ်တွဲဖော်ဆောင်လာနိုင်သည်။

**ထုတ်ကုန်ပစ္စည်းနှင့် အမှတ်တံဆိပ်**

ကုန်ပစ္စည်းများကို ထုတ်လုပ်ရာတွင် အကျိုးအမြတ် တစ်ခုတည်းကိုကြည့်ရှု၍ မရပါ။ ရေရှည်တည်တံ့ခိုင်မြဲစေရန် အခြားသော စီးပွားရေးလုပ်ငန်းတူသူများနှင့် ယှဉ်ပြိုင်နေရသဖြင့် ဈေးနှုန်းသည် လိုချင်သည့် အကျိုးအမြတ်ဖြစ်နိုင်ချင်မှ ဖြစ်နိုင်မည်။ ထုတ်လုပ်သော ကုန်ပစ္စည်းတိုင်းသည် ကောင်းမွန်သော အရည်အသွေးကို လိုလားပါက အမြတ်တစ်ခုတည်း ကြည့်ခြင်းကို စွန့်လွှတ်ရမည်ဖြစ်သည်။ အရည်အသွေးကောင်းသောပစ္စည်းကို ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်နိုင်ပါက စားသုံးသူအားလုံး၏ အကျိုးကိုလည်း ထည့်သွင်းလုပ်ကိုင်ပေးသကဲ့သို့ ဖြစ်လာနိုင်သည်။ ရောင်းချသမျှ စိတ်ချစွာဝယ်ယူသုံးစွဲနိုင်သည်၊ စိတ်ချရသော စားသောက်ကုန်ဖြစ်သည်ဟူသော အရည်အသွေးနှင့်ပတ်သက်၍ အာမခံချက်များသည် ထုတ်ကုန်၏ အမှတ်တံဆိပ်ကို စားသုံးသူများ ယုံကြည်လက်ခံလာစေခြင်းကိုလည်း မြင့်မားစေသည်။ ထို့ကြောင့် ကုန်အမှတ်တံဆိပ်ခိုင်မာမှုသည် ကုန်ပစ္စည်း၏ အရည်အသွေးနှင့် ဆိုင်သကဲ့သို့ လူသားဆန်မှုနှင့်လည်း ဆက်စပ်လျက်ရှိသည်။

**တာဝန်ယူမှု တာဝန်ခံမှု Corporate Social Responsibility**

လုပ်ငန်းတစ်ခုသည် မိမိလုပ်ငန်းအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရသကဲ့သို့ မိမိတို့လုပ်ငန်းဆောင်ရွက်ပြီး ရပ်တည်ရှင်သန်နေရသော လူသားကမ္ဘာကြီးကိုလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်သည်။ လူသားဆန်မှုရှိရှိလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် လူ့ဘောင်တစ်ခုလုံးကို တာဝန်ယူမှု တာဝန်ခံမှုနှင့် ဆက်စပ်လျက်ရှိသည်။ မိမိတို့လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်နှင့် ရေမြေတောတောင်များ၊ လူနှင့်သတ္တဝါများအတွက် ကျန်းမာရေးနှင့် အသက်အန္တရာယ်မထိခိုက်စေရေးကို တာဝန်ခံရမည်ဖြစ်သည်။ ထို့ပြင် တွင်းထွက်လောင်စာဆီကိုချွေတာခြင်း၊ စွမ်းအင်ချွေတာခြင်း စသည့်ကိစ္စများသည်လည်း ကမ္ဘာကြီးတစ်ခုလုံးအတွက် အကျိုးပြုသည့် တာဝန်ယူမှု တာဝန်ခံမှုပင်ဖြစ်သည်။

လူမှုရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုများတွင် အနိမ့်ဆုံး လှူဒါန်းခြင်းများမှစပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူသားနှင့်သတ္တဝါများ၏ ကျန်းမာရေးနှင့် အသက်ဘေးမဖြစ်စေရန် တာဝန်ခံခြင်း၊ ကမ္ဘာကြီးတည်တံ့ဖွံ့ဖြိုးစေသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းအထိ ပါဝင်သည်။ လုပ်ငန်းခွင်တွင် ရေသုံးစွဲမှုချွေတာခြင်း၊ လျှပ်စစ်မီးနှင့် စွမ်းအင်ချွေတာခြင်းများသည်လည်း တာဝန်ယူမှု တာဝန်ခံမှုအပိုင်းများပင် ဖြစ်ကြသည်။ လုပ်ငန်းတည်ရှိသည့် ဒေသခံများအား ကူညီခြင်း၊ ပညာရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်း၊ သောက်သုံးရေရရှိရေး ကူညီပေးခြင်း၊ ဒေသကျန်းမာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခြင်း စသည်တို့သည် လုပ်ငန်း၏ အမည်ဂုဏ်သတင်းကို ဖြစ်ပေါ်စေပြီး စားသုံးသူဖောက်သည်များ၏ ယုံကြည်မှုကိုလည်း တိုးတက်စေသည်။ ထို့ကြောင့် လူမှုရေးတာဝန်ယူမှု တာဝန်ခံမှုများသည် ကျွဲကူးရေပါဆိုသကဲ့သို့လုပ်ငန်း၏ အကျိုးစီးပွားကိုပါ ပူးတွဲတိုးတက်စေသော လုပ်ငန်းများဖြစ်ကြသည်။ ဥပဒေနှင့်ညီညွတ်အောင် ဆောင်ရွက်ခြင်း၊ အခွန်အခများကို ကျေပွန်အောင် ပေးဆောင်ခြင်း စသည့်အချက်များသည်လည်း စီးပွားရေးကျင့်ဝတ်ကောင်းများ ဖြစ်ကြသည်။

**ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး**

လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ရန် လိုအပ်ပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည်နှင့်တစ်ပြိုင်နက် လုပ်ငန်း၏အမည်ဂုဏ်သတင်း၊ ကုန်အမှတ်တံဆိပ် စသည်တို့ကိုလည်း ထိန်းသိမ်းရမည်ဖြစ်သည်။ ထိုအခါ စီးပွားရေးကျင့်ဝတ် ကောင်းများကိုလိုက်နာခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်း၊ လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူတိုင်းကို လူသားဆန်စွာဆက်ဆံခြင်း စသည့်အချက်များကို လေးစားလိုက်နာလာရသည်။ ယနေ့ခေတ်တွင် နည်းပညာများဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်လာသော်လည်း လူသားဆန်မှုသည် လူသားကမ္ဘာတွင် မဖြစ်မနေ လိုအပ်နေမည်သာဖြစ်သည်။ စားဝတ်နေရေးနှင့် အမျိုးမျိုးသော ကုန်ပစ္စည်းများကို သုံးစွဲသူများသည် လူသားများသာဖြစ်သည်နှင့်အညီ လူသားဆန်မှုသည် မဖြစ်မနေလိုအပ်နေမည်ဖြစ်ကြောင်း တင်ပြလိုသည်။ လူသားဆန်သော စီးပွားရေးလုပ်ငန်းတစ်ခုကို တည်ဆောက်နိုင်မှသာ ကောင်းမွန်သော လူ့အဖွဲ့အစည်းအတွင်းမှ လုပ်ငန်းကောင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၁၃၉၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပဲမျိုးစေ့ချစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

**ပွင့်ဖြူ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံဧက ၁၃၉၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧက ပြည့်မီစေရန်အတွက် ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံစိုက်ဧက ၁၀၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ပြီး ဒီနေ့ထိ သီးနှံစုံဧက ၁၃၉၄၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ သီးနှံအလိုက် သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးကြဖို့နဲ့ တိုးချဲ့စိုက်ပျိုးကြဖို့ တောင်သူတွေကို အသိပညာပေးတာတွေ၊ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင်ကူညီဆောင်ရွက်ပေးနေပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများက မိုးသီးနှံများကို ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး ယနေ့ထိ ဖူးစားပြောင်း ၄၁၃ ဧက၊ ပဲတီစိမ်း ၆၂၃၉ ဧက၊ ဆီထွက်သီးနှံ ၃၁၁၆ ဧက၊ ကြံ ရှစ်ဧက၊ ထန်း ၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ ပရဆေး ၂၅၇ ဧက၊ ကျွဲ၊ နွား တိရစ္ဆာန်အစာပင် ၃၇၇ ဧက၊ အခြားအထွေထွေစားသုံးသီးနှံ ၃၂၅၆ ဧက၊ စုစုပေါင်း သီးနှံစုံဧက ၁၃၉၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် အထွက်နှုန်းနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်တပ်ကျေးရွာအုပ်စု ကြို့ပင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ် နည်းပညာသုံး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်၊ အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးနှင့် ကုန်ကျစရိတ်သက်သာစေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ချေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီတီဇင်ပေး (Citizens Pay) မှ တာဝန်ရှိသူတစ်ဦးက Citizen Pay အကောင့်များဖွင့်လှစ်ရာတွင် လိုအပ်သောအချက်များနှင့် ငွေလွှဲ၊ ငွေထုတ်ပြုလုပ်ရာတွင် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် စီတီဇင်ပေး (Citizens Pay) မှ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အသင်းသား၊ အသင်းသူများကို Mobile Financial Payment စနစ် အသုံးပြုပြီး တတိယအကြိမ် ကြို့ပင်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၂၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

## အောင်ပန်းတစ်ပွေ့နဲ့ အောင်နန်းသို့

- ပွဲလယ်တင့် မြတ်ပညာ
သင်ယူပါ အချိန်ပြည့်၊
ဖွဲ့ထက်သန် လုံ့လနဲ့
ဝီရိယမွေ့။

- အခက်တွေ့ ပုစ္ဆာဆို
အခါခါလို စိစစ်စို့၊
အသိဝင် ခံစားအပြုံမှ
ကျွမ်းကျင်မှုသို့။

- နားလည်ဖို့ ကြိုးစားမည်
အာရုံတည် ကိုယ့်စိတ်၊
မှားအမှန် ကြောင်းအကျိုး
ကောင်းဆိုးခွဲစိတ်။

- တွဲချိတ်ခဲ့ သတိကို
အသိအလို ဖြည့်အပ်၊
ကိုယ့်ပန်းတိုင် ရောက်အောင်သွားဖို့
စိတ်အားချင်းထပ်။

- အကဲဖြတ်ချင့်ချိန်
အကြိမ်ကြိမ် အာရုံမြှင့်၊
အကြံမှီး စီစဉ်
ဖန်တီးတီထွင် ကိုယ့်အစွမ်းရယ်ကြောင့်
(ငွားငွားစွင့်စွင့်နဲ့...)
ပညာပန်းတင့်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## အီရန်နှင့် အစ္စရေးနိုင်ငံတို့ ဒုတိယမြောက်နေ့အဖြစ် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်

**ဂျေရုဆလင် ဇွန် ၁၄**

အစ္စရေးနိုင်ငံနှင့် အီရန်နိုင်ငံတို့သည် ယနေ့နံနက်ပိုင်းတွင်လည်း ဒုံးကျည်များဖြင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက် ခဲ့ကြကြောင်း သိရသည်။

အီရန်နျူကလီးယားအဆောက်အအုံများနှင့် စစ်ရေးခေါင်းဆောင်များကိုပစ်မှတ်ထား၍ အစ္စရေးနိုင်ငံက ဇွန် ၁၃ ရက်တွင် အီရန်နိုင်ငံကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီးနောက် ယနေ့တွင် ဒုတိယမြောက်နေ့အဖြစ် နှစ်နိုင်ငံကြား အပြန်အလှန်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် အီရန်နိုင်ငံသည် တဲလ်အဗစ်နှင့် ဂျေရုဆလင်အပါအဝင် အစ္စရေးမြို့ကြီးများကို ဒုံးကျည်အများအပြားဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အီရန်နိုင်ငံ နျူကလီးယားလက်နက် တည်ဆောက်မည့်အရေးကို တားဆီးရေးအတွက် ဇွန် ၁၃ ရက်လေကြောင်းတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးအစိုးရက သတင်းထုတ်ပြန်ထားသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အီရန်နျူကလီးယားအဆောက်အအုံများ ပျက်စီးခဲ့ရပြီး အီရန်တော်လှန်ရေးအစောင့်တပ်အကြီးအကဲ ဗိုလ်ချုပ် ဟောဆိန်းဆာလာမီအပါအဝင် အီရန်ထိပ်တန်းစစ်ခေါင်းဆောင်အနည်းဆုံး ၂၀ တို့ သေဆုံးခဲ့ရသည်။

ဇွန် ၁၃ ရက် လေကြောင်းတိုက်ခိုက်မှုဖြင့် အစ္စရေးနိုင်ငံသည် စစ်ပွဲကို စတင်လိုက်ပြီဖြစ်ကြောင်း အီရန်ခေါင်းဆောင်အယာတိုလာခါမေနီက ပြောကြားထားသည်။

Ref : RT
Trs : KKO

## လော့စ်အိန်ဂျလိစ်မြို့မှ မရိန်းတပ်ဖွဲ့ဝင်များ ပထမဆုံး အရပ်သားဖမ်းဆီးမှုပြုလုပ်

**ဝါရှင်တန် ဇွန် ၁၄**

ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် အမေရိကန်အစိုးရက လော့စ်အိန်ဂျလိစ်မြို့၌ ဖြန့်ကြက်ထားသည့်အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် ဇွန် ၁၃ ရက်တွင် ပထမဆုံးအရပ်သားဖမ်းဆီးမှုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် ဇွန် ၁၃ ရက်တွင် ပထမဆုံး အရပ်သားဖမ်းဆီးမှုအဖြစ် လူဝင်မှုမူဝါဒဆန့်ကျင်ရေးဆန္ဒပြသမား အမေရိကန်စစ်ပြန်တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အကောက်ခွန်ဌာနတာဝန်ရှိသူများက ဇွန် ၅ ရက်တွင် အထောက်အထားမဲ့ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများကို ဖမ်းဆီးခဲ့ပြီးနောက် လော့စ်အိန်ဂျလိစ်မြို့၌ လူဝင်မှုမူဝါဒဆန့်ကျင်ရေး ဆန္ဒပြပွဲများနှင့် အကြမ်းဖက်မှုများ စတင်ပေါ်ပေါက်ခဲ့ရသည်။

အမေရိကန် အစိုးရသည် လော့စ်အိန်ဂျလိစ်ဆန္ဒပြပွဲများကို ထိန်းချုပ်ရာတွင် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များကို ကူညီရေးအတွက် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၇၀၀ ခန့်ကို ဖြန့်ကြက်ထားခြင်းဖြစ်သည်။

အဆိုပါ မရိန်းတပ်ဖွဲ့ဝင်များအနေဖြင့် ဖက်ဒရယ်အစိုးရဌာနများ၏ စီးနင်းရှာဖွေမှုများအားနှောင့်ယှက်သူ အရပ်သားများ၊ ဖက်ဒရယ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်သူအရပ်သားများကို ဖမ်းဆီးခွင့်ရှိကြောင်း အမေရိကန်အစိုးရက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua
Trs : KKO



## လေဆာရောင်ခြည် အခြေခံမောင်းသူမဲ့လေယာဉ် ကာကွယ်ရေးစနစ်များ ရုရှားနိုင်ငံစမ်းသပ်



**မော်စကို ဇွန် ၁၄**

လေဆာရောင်ခြည် အခြေခံ မောင်းသူမဲ့လေယာဉ် ကာကွယ်ရေးစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ထားကြောင်း ရုရှားနိုင်ငံက ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါမောင်းသူမဲ့လေယာဉ် ကာကွယ်ရေးစနစ်များကို မောင်းသူမဲ့လေယာဉ် အမျိုးမျိုးဖြင့် ရာသီဥတုအခြေအနေ အမျိုးမျိုးအောက်၌ စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားအစိုးရသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေဆာရောင်ခြည် အခြေခံမောင်းသူမဲ့လေယာဉ်ကာကွယ်ရေးနည်းပညာများမှာ ကောင်းမွန်ထိရောက်မှုရှိကြောင်း ရုရှားအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လေဆာရောင်ခြည် အခြေခံ မောင်းသူမဲ့လေယာဉ် ကာကွယ်ရေးစနစ်များသည် ရုရှားနိုင်ငံက တည်ဆောက်မည့် စွယ်စုံလေကြောင်းရန်ကာကွယ်ရေးစနစ်၏အစိတ်အပိုင်းများ ဖြစ်လာနိုင်သည်။

ရုရှားနိုင်ငံအနေဖြင့် မောင်းသူမဲ့လေယာဉ်များအပါအဝင် လေကြောင်းရန်အားလုံးကို ကာကွယ်ရေးအတွက် စွယ်စုံလေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ရပ် တည်ဆောက်ရန်လိုကြောင်း ရုရှားသမ္မတပူတင်က ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ပြောကြားထားသည်။

သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကာလအတွင်း ရုရှားနှင့် ယူကရိန်းနှစ်ဖက်စလုံးက မောင်းသူမဲ့လေယာဉ်များ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခဲ့ရာ ရုရှားအနေဖြင့် မောင်းသူမဲ့လေယာဉ် ကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်ရန် လိုအပ်လာခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## သေနတ်ကိုင်ဆောင်မှုဥပဒေများတင်းကျပ်ရန် စီစဉ်ထားကြောင်း ဩစတြီးယားဝန်ကြီးချုပ်ပြောကြား

**ဗီယင်နာ ဇွန် ၁၄**

သေနတ်ကိုင်ဆောင်မှုဆိုင်ရာ ဥပဒေများကို ပိုမိုတင်းကျပ်ရန် ဩစတြီးယားအစိုးရက စီစဉ်ထားကြောင်း ဩစတြီးယားဝန်ကြီးချုပ် ခရစ္စတီယန်စတော့ကာက ယနေ့တွင် ပြောကြားခဲ့သည်။




နိုင်ငံ သမိုင်းတစ်လျှောက် အဆိုးရွားဆုံး စာသင်ကျောင်း သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် သေနတ်ကိုင်ဆောင်မှုဆိုင်ရာဥပဒေများကို ပိုမိုတင်းကျပ်ရန် ဩစတြီးယားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ဩစတြီးယားနိုင်ငံ ဂရက်ဇ်မြို့ စာသင်ကျောင်း တစ်ကျောင်း၌ အသက် ၂၁ နှစ်အရွယ် လူငယ်တစ်ဦးက ဇွန် ၁၀ ရက်တွင် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၀ ဦး သေဆုံးခဲ့ရသည်။

ထို့နည်းတူ ပစ်ခတ်မှုကျူးလွန်သူ လူငယ်ကိုယ်တိုင်သည်လည်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကြောင်း သိရသည်။

သေနတ်ကိုင်ဆောင်မှုဥပဒေများ ပိုမိုတင်းကျပ်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို အစိုးရအဖွဲ့က ဇွန် ၁၈ ရက်တွင် အတည်ပြုပေးဖွယ်ရှိကြောင်း ဩစတြီးယား ဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

စာသင်ကျောင်း သေနတ်ပစ်ခတ်မှုပြဿနာများကို တားဆီးရေးအတွက် စာသင်ကျောင်းများ၌ ရဲတပ်ဖွဲ့များထားရှိခြင်းကဲ့သို့သော နည်းလမ်းများကိုလည်း ကျင့်သုံးရန် ဩစတြီးယားအစိုးရက စဉ်းစားလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဗီယက်နမ်ကို မိတ်ဖက်နိုင်ငံအဖြစ် ဘရစ်အုပ်စုသတ်မှတ်

**ရီယိုဒီဂျနေရိုး ဇွန် ၁၄**

စီးပွားရေးအင်အားကြီး နိုင်ငံသစ်များစုစည်းထားသည့် ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်)၏ မိတ်ဖက်နိုင်ငံအဖြစ် ဗီယက်နမ်နိုင်ငံကို လက်ခံသတ်မှတ်လိုက်ပြီဖြစ်ကြောင်း ဘရာဇီးအစိုးရက ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဘရစ်အုပ်စုသည် အဖွဲ့အင်အားကိုတိုးချဲ့ရေးအတွက် ကြိုးစားနေချိန်တွင် ဗီယက်နမ်နိုင်ငံကို ဘရစ်အုပ်စု၏ ဒသမမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့ခြင်းဖြစ်သည်။

အနောက်အုပ်စု နိုင်ငံများကို သံတမန်ရေးအရ ထိန်းထားနိုင်ရေးအတွက် ရုရှား၊ ဘရာဇီး၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က ၂၀၀၉ ခုနှစ်တွင် ဘရစ်အုပ်စုကို စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် တောင်အာဖရိကနိုင်ငံလည်း အဖွဲ့ဝင်အဖြစ် ထပ်မံပါဝင်လာခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘရစ်အုပ်စု၌ အဆိုပါနိုင်ငံ ငါးနိုင်ငံအပြင် အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်၊ အင်ဒိုနီးရှားနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တို့လည်း အဖွဲ့ဝင်များအဖြစ် ပါဝင်လျက်ရှိသည်။

ဘရစ်အုပ်စု၏မိတ်ဖက်နိုင်ငံများစာရင်းတွင် ဘယ်လာရုစ်၊ ဘိုလီးဗီးယား၊ ကာဇက်စတန်၊ ကျူးဘား၊မလေးရှား၊ နိုင်ဂျီးရီးယား၊ ထိုင်း၊ ယူဂန်ဒါနှင့်ဥဇဘက်ကစ္စတန် နိုင်ငံများပါဝင်သည်။

ဘရစ်အုပ်စုအနေဖြင့် အဆိုပါမိတ်ဖက်နိုင်ငံများကို ဘရစ်အုပ်စုထိပ်သီးညီလာခံများနှင့် အခြားအစည်းအဝေးများသို့ ဖိတ်ကြားခွင့်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဇွန် ၁၃ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၆ စင်းကို လွှတ်တင်ခဲ့



**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဇွန် ၁၃ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၆ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၆ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မကိုယ်ထည်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ၁၅ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီကျော်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖုံးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တု ၂၆ စင်းကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဇွန် ၁၃ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ ၇၂ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်သည်။

အထက်ပါ ဖယ်လ်ကွန်-၉ မစ်ရှင် ၇၂ ခုအနက် ၅၃ ခုမှာ စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော မစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဥရောပအာကာသအေဂျင်စီ၏ Solar Orbiter နေလေ့လာရေးအာကာသယာဉ်က နေ၏ဝင်ရိုးစွန်းဒေသများကို ပထမဆုံးအကြိမ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့


**ဘာလင် ဇွန် ၁၄**

ဥရောပအာကာသအေဂျင်စီ၏ Solar Orbiter နေလေ့လာရေး အာကာသယာဉ်သည် နေ၏ဝင်ရိုးစွန်းဒေသများကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဇွန် ၁၃ ရက်သတင်းများအရ သိရသည်။

နေ၏ဝင်ရိုးစွန်းဓာတ်ပုံများကို ယခုနှစ် မေလတွင် Solar Orbiter နေလေ့လာရေး အာကာသယာဉ်က စူးစမ်းလေ့လာရေးကင်မရာ စနစ် သုံးခုသုံး၍ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Solar Orbiter အာကာသယာဉ်သည် နေ၏တောင်ဝင်ရိုးစွန်းဒေသဓာတ်ပုံများကို နေနှင့်မိုင်ပေါင်း သန်း ၄၀ ခန့်အကွာမှ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

နေ၏ မြောက်ဝင်ရိုးစွန်းဒေသ



ဓာတ်ပုံများကိုမူ ကမ္ဘာမြေဆီသို့ ပြန်လည်ပေးပို့နေဆဲဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဥရောပအာကာသအေဂျင်စီသည် Solar Orbiter နေလေ့လာရေး အာကာသယာဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့်ပူးပေါင်းတည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် လွှတ်တင်ခဲ့သည်။

နေ၏ ဝင်ရိုးစွန်းနယ်မြေများကို Solar Orbiter အာကာသယာဉ်ဖြင့် လေ့လာခြင်းဖြင့် နေ၏သဘာဝကို ပိုမိုနားလည်လာနိုင်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အညိုရောင်ကြယ်သိမ်များကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အညိုရောင်ကြယ်သိမ်များ (Brown Dwarf) ကို ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၁၃ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အဆိုပါ အရွယ်အစား အသေးငယ်ဆုံး အညိုရောင် ကြယ်သိမ်များကို ကမ္ဘာမြေနှင့် အလင်းနှစ် ၁၀၀၀ ခန့်အကွာတွင် တည်ရှိသည့် ကြယ်ဖွဲ့နယ်မြေအတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နေအဖွဲ့အစည်းအတွင်းရှိ ကြာသပတေးဂြိုဟ်ထက် ဒြပ်ထုအားဖြင့် ၁၃ ဆနှင့် အဆ ၆၀ ကြား ပိုများသော ကြယ်များကို အညိုရောင်ကြယ်သိမ်များအဖြစ် သတ်မှတ်ထားသည်။

သို့ရာတွင် ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ် ရှာဖွေတွေ့ရှိထားသော အညိုရောင်ကြယ်သိမ်များအနက် နှစ်စင်းမှာ ဒြပ်ထုအားဖြင့် ကြာသပတေးဂြိုဟ် ဒြပ်ထုထက် နှစ်ဆ ခန့်သာ ပိုများကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အညိုရောင် ကြယ်သိမ်များသည် ဂြိုဟ်များထက် အရွယ်အစားကြီးမားသော်လည်း နျူကလီးယားလောင်ကျွမ်းမှုအတွက် လုံလောက်သည့်ဒြပ်ထုမျိုးမရှိသည့်ကြယ်များ ဖြစ်ကြသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်တွေ့ရှိထားသော အသေးငယ်ဆုံး အညိုရောင်ကြယ်သိမ်များကြောင့် ၎င်းကြယ်သိမ်များနှင့်ဂြိုဟ်များကြား ပိုင်းခြားပေးထားသည့် ဒြပ်ထုပမာဏကို ပြန်လည်ပြင်ဆင်သတ်မှတ်ဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# H E A L T H

## အစားအစာများ၌ပါဝင်သည့် ဓာတုသကြားဓာတ်ကြောင့် လေဖြတ်နိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်

**နယူးယောက် ဇွန် ၁၄**

ပရိုတင်းအခြေခံ သရေစာများနှင့် အားဖြည့်အချိုရည်များတွင် ပါဝင်သည့် ဓာတုသကြားဓာတ်တစ်မျိုးကြောင့် လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် Erythritol ခေါ် ဓာတုသကြားဓာတ်တစ်မျိုးကိုဦးနှောက်ဆဲလ်များဖြင့် ထိတွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Erythritol ဓာတုသကြားဓာတ်နှင့် ထိတွေ့သည့် ဦးနှောက်ဆဲလ်များမှာ နာရီအနည်းငယ်အတွင်း ပြောင်းလဲလာပြီး သွေးခဲများအား ချေဖျက်နိုင်သည့် ပရိုတင်းများထုတ်ပေးနိုင်စွမ်းကျဆင်းသွားသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ဦးနှောက်ဆဲလ်များက ထုတ်ပေးသည့် သွေးခဲများကိုချေဖျက်နိုင်သည့် ပရိုတင်းများသည် လေဖြတ်မှုကို ကာကွယ်ရာတွင် အဓိကကျသည့် ပရိုတင်းများဖြစ်ကြသည်။

Erythritol ဓာတုသကြားဓာတ်ကို ဈေးကွက်အတွင်းတွင်ရှိသော စားသောက်ကုန်အများအပြား၌ အသုံးပြုထားရာ ၎င်းဓာတုသကြားဓာတ်သည် နှလုံးသွေးကြော ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိပြီး လေဖြတ်နိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အသက် ၄၅ နှစ်အောက် လူလတ်ပိုင်းများကြား လေဖြတ်မှုနှုန်း မြင့်တက်လာချိန်တွင် သုတေသန ပညာရှင်များက Erythriotol ဓာတုသကြားဓာတ်၏ အကျိုးသက်ရောက်မှုကို လေ့လာတင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စက်ဘီး ပုံမှန်စီးသူများအနေဖြင့် Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၁၄**

သွားရေးလာရေးအတွက် စက်ဘီးကို ပုံမှန်စီးသူများအနေဖြင့် ဦးနှောက် စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ လျှော့ချနိုင်ကြောင်း ဇွန် ၁၃ ရက် သတင်းများအရ သိရသည်။

ကျန်းမာရေးအတွက် ဖြစ်စေ၊ သွားရေးလာရေးအတွက် ဖြစ်စေ စက်ဘီးစီးခြင်းသည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို ၂၂ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း၊ မှတ်ဉာဏ်စွမ်းရည်အတွက် အရေးကြီးသော ဦးနှောက်နယ်မြေတစ်ခု၏ အရွယ်အစားကို မြင့်တင်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ယူဆထားသည်။

လမ်းလျှောက်ခြင်းနှင့် နှိုင်းယှဉ်ပါက စက်ဘီးစီးခြင်းသည် ရှုပ်ထွေးသည့် ဦးနှောက်လုပ်ငန်းလည်ပတ်မှုပုံစံအတွက် ပိုမိုကောင်းမွန်နိုင်ပြီး Dementiaရောဂါနှင့် အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၄၈၀၀၀၀ တို့၏ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သုတေသနပညာရှင်များ၏ ပြောကြားချက်အရ သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Queen's Club Championships
## တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ကျန်ကွင်းဝမ် တက်ရောက်

လန်ဒန် ဇွန် ၁၄

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် Queen's Club Championships တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်ကွင်းဝမ်က (၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကျန်ကွင်းဝမ်သည် ပြိုင်ပွဲကို ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့သူဖြစ်ပြီး အဆင့်တိုင်းကိုလည်း အကောင်းဆုံးပုံစံဖြင့် ကျော်ဖြတ်နိုင်ခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်တွင် အိမ်ရှင်ကစားသမား အမ်မာရာဒူကာနူအား အကောင်းဆုံးပုံစံဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် စွမ်းဆောင်ရည်မျိုး ပြသနိုင်ခဲ့သည်။

ကျန်ကွင်းဝမ်သည် ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် မက်ကာနေးအား ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ပွဲချိန် ၂ နာရီ ၁၁ မိနစ်ထိ ကြာမြင့်ခဲ့ကြောင်းလည်း သိရသည်။

ကျန်ကွင်းဝမ်က "ပထမပွဲငယ်မှာ အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ တော်တော်လေးကိုခက်ခဲခဲ့တယ်။ အထူးသဖြင့် စပေးဘောတွေမှာ တော်တော်လေးကို အမှားများခဲ့တယ်။ ဒုတိယပွဲငယ်စတာနဲ့ စပေးဘောတွေက ခဏခဏပျက်နေခဲ့တယ်။ တစ်ကယ်ဆိုရင် အမ်မာအနေနဲ့ ပိုမှန်သာ ကစားနိုင်ခဲ့မယ်ဆိုရင် ကျွန်မသေချာပေါက်ရှုံးနိုင်တယ်။ အမ်မာလဲ ပုံစံကောင်းရဖို့ ရုန်းကန်ခဲ့ရတဲ့အတွက် ကျွန်မကံကောင်းသွားခဲ့တာပါ။ နောက်အဆင့်တွေမှာတော့ ကျွန်မအနေနဲ့ အခုလို အမှားတွေထပ်မဖြစ်အောင် ပြင်ဆင်သွားရမယ်။ ပွဲအပေါ်မှာလဲ ဒီထက်ပိုပြီးတော့ ဂရုစိုက်သွားသင့်တယ်လို့ ထင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- အတ္တလန်တာအသင်းက လေဗာကူဆင်အသင်း ခံစစ်ကစားသမား အိုဒီလွန်ကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လာမည့် ၂၀၂၉ ခုနှစ်ထိ လေးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- မန်စီးတီးအသင်း ခံစစ်ကစားသမား ဂျွန်စတုန်းသည် ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရပြီးနောက် ယနေ့တွင် အသင်းနှင့်အတူ လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နေကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။
- လီဗာပူးအသင်းက ဘုန်းမောက်အသင်း ကစားသမား ကာကက်ဇ်ကိုခေါ်ယူရန် ကြိုးပမ်းနေသည့်အတွက် ခံစစ်ကစားသမား ရော်ဘင်ဆန်က အသင်းမှထွက်ခွာရန် ဆန္ဒရှိနေပြီး အေဗတီကိုအသင်းကခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိသည်။ ML

# WBA ဖယ်သာဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ်
# လက်ရှိချန်ပီယံ နစ်ခ်ဘောက ဆမ်ဂွတ်မန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည်



လန်ဒန် ဇွန် ၁၄

WBA ဖယ်သာဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား နစ်ခ်ဘောသည် စိန်ခေါ်သူ ဩစတြေးလျလက်ဝှေ့သမား ဆမ်ဂွတ်မန်းနှင့် ဩဂုတ် ၁၆ ရက်တွင် ယှဉ်ပြိုင်ထိုးသတ် သွားမည်ဖြစ်ကြောင်း WBA က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

နစ်ခ်ဘောအနေဖြင့် လက်ရှိ ကမ္ဘာ့ချန်ပီယံအား တတိယအကြိမ်မြောက် ကာကွယ်သွားမည်ဖြစ်ပြီး ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။

ဆမ်ဂွတ်မန်းသည်လည်း ရှုံးပွဲမရှိသေးသည့် ကစားသမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့ချန်ပီယံအား ဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေပြီး နစ်ခ်ဘောအား အနိုင်ရယူနိုင်မည်ကို ယုံကြည်ကြောင်းလည်း ပြောကြားခဲ့သည်။

နစ်ခ်ဘောအား ဂျပန်နိုင်ငံ၏ အကောင်းဆုံး လက်ဝှေ့သမားဖြစ်သည့် နာအိုယာသည်လည်း ဝိတ်တန်းမြှင့်ကာ ထိုးသတ်သွားရန်ဆန္ဒရှိနေပြီး နာအိုယာ၏ Promoter ဖြစ်သူ ဖရန့်ဝါရင်က ပွဲစီစဉ်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ဆမ်ဂွတ်မန်းက "နစ်ခ်နဲ့ ယှဉ်ပြိုင်ထိုးသတ်ရမှာကို သဘောကျတယ်။ ဒါကြောင့်လဲ ဒီပွဲဖြစ်အောင်စီစဉ်ခဲ့တာပါ။ နစ်ခ်ဟာ လေးစားထိုက်တဲ့ ကမ္ဘာ့ချန်ပီယံတစ်ယောက်ပါ။ ကျွန်တော်သူ့ကို လေးစားမှုအပြည့်နဲ့ ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ ကျွန်တော့်အနေနဲ့ နစ်ခ်ကိုအနိုင်ထိုးသတ်နိုင်မယ်ဆိုတာကိုလဲ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# စပါးအသင်းနည်းပြ ဖရန့်က တိုက်စစ်မှူး အမ်ဘူမိုကို ကြားဖြတ်ခေါ်ယူရန် ကြိုးပမ်း

လန်ဒန် ဇွန် ၁၄

စပါးအသင်းသည် ဘရန့်ဖို့ဒ်အသင်းနည်းပြ ဖရန့်ကို နည်းပြသစ် ခန့်အပ်နိုင်ခဲ့ပြီးနောက် တိုက်စစ်မှူး အမ်ဘူမိုကို မန်ယူအသင်းနှင့်အပြိုင် ခေါ်ယူရန် ပြင်ဆင်ခဲ့ပြီး ကြားဖြတ်ခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့သည်။

တိုက်စစ်မှူး အမ်ဘူမိုသည် ဘရန့်ဖို့ဒ်အသင်းတွင် နည်းပြဖရန့်လက်အောက်၌ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဘောလုံးရာသီ ပြီးဆုံးချိန်တွင် မန်ယူအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ဘရန့်ဖို့ဒ်အသင်းက ငြင်းပယ်ခဲ့ပြီးနောက် နည်းပြ သောမတ်ဖရန့်က တပည့်ဟောင်းဖြစ်သူကို စပါးအသင်းသို့ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

နည်းပြ သောမတ်ဖရန့်သည် ၎င်းခေါ်ယူမည့် ကစားသမားများထဲတွင် အမ်ဘူမိုကို ဦးစားပေးပစ်မှတ်ဖြစ်ခဲ့ပြီး ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းအပြင် အပိုဆုကြေးအတွက် စတာလင်ပေါင် ၁၀ သန်းပေးချေ၍ ခေါ်ယူသွားမည်ဖြစ်သောကြောင့် သဘောတူညီမှု ရယူနိုင်မည်ဟု နည်းပြဖရန့်က ယုံကြည်လျက်ရှိသည်။

ယခင်က နည်းပြဖရန့်သည် ဘရန့်ဖို့ဒ်အသင်းမှ မထွက်ခွာမီ တိုက်စစ်မှူး အမ်ဘူမိုကို မန်ယူအသင်းက တရားဝင်ကမ်းလှမ်းလာချိန်တွင် ၎င်းကိုယ်တိုင် ငြင်းပယ်မှု ပြုလုပ်ခဲ့သော်လည်း လက်ရှိ စပါးအသင်းသို့ ပြောင်းရွှေ့ခဲ့ချိန်တွင် တပည့်ဟောင်းဖြစ်သူကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းက ကစားသမားအတွက် စတာလင်ပေါင် သန်း ၆၀ အထက် ပေးချေပါက ရောင်းချမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

Ref : Sky sports

Trs : ML

# ဖလိုရီယန်ဝစ်ကိုခေါ်ယူရန် လေဗာကူဆင်အသင်းနှင့်
# သဘောတူညီမှုရခဲ့ကြောင်း လီဗာပူးအသင်းထုတ်ပြန်

လန်ဒန် ဇွန် ၁၄

လီဗာပူးအသင်းသည် တောင်ပံတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဖလိုရီယန်ဝစ်ကို ခေါ်ယူရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ရာ ယခုအခါ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁၆ သန်းဖြင့်ခေါ်ယူရန် လေဗာကူဆင်အသင်းနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

လီဗာပူးအသင်းသည် ဖလိုရီယန်ဝစ်အတွက် ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ကမ်းလှမ်းခဲ့ချိန်တွင် လေဗာကူဆင်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂၆ သန်း အလိုရှိကြောင်း ပြောကြား၍ ငြင်းပယ်ခဲ့သည့်အပြင် ဒုတိယအကြိမ်တွင် ကမ်းလှမ်းသည့် ပြောင်းရွှေ့ကြေး အနည်းငယ်တိုးမြှင့်၍ ကမ်းလှမ်းမှုပြုလုပ်ခဲ့သော်လည်း လေဗာကူဆင်အသင်းက ထပ်မံပယ်ချခဲ့သောကြောင့် တတိယအကြိမ်တွင် ကစားသမားအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ အပြင် အပိုဆုကြေး စတာလင်ပေါင် ၁၆ သန်း ပေးချေရန်ကမ်းလှမ်းခဲ့ရာ ကလပ်အသင်း နှစ်ခုကြား သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဖလိုရီယန်ဝစ်သည် ပရီးမီးယားလိဂ် ကလပ်အသင်းများက ခေါ်ယူခဲ့သည့် ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားဖြစ်သော ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်၏ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၇ သန်းစံချိန်ကို ကျော်ဖြတ်၍ ပြောင်းရွှေ့ကြေးအမြင့်ဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး လီဗာပူးအသင်းတွင်လည်း ဒါဝင်နူနက်နောက်ပိုင်းတွင် ပြောင်းရွှေ့ကြေးအများဆုံး အသုံးပြုခေါ်ယူခဲ့သည့် ကစားသမားဖြစ်ခဲ့ကြောင်း သိရသည်။



အသက် ၂၂ နှစ်ရှိ တိုက်စစ်ကစားသမားကို လီဗာပူးအသင်းနှင့်အတူ ရီးရဲလ်မက်ဒရစ်အသင်း၊ မန်စီးတီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က အပြိုင် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က လီဗာပူးအသင်းကို ရွေးချယ်ခဲ့သဖြင့် လီဗာပူးအသင်းက လက်ဦးမှုရယူနိုင်ခဲ့သောကြောင့် နွေရာသီ အပြောင်းအရွှေ့တွင် ခံစစ်ကစားသမား ဖရင်ပေါင်နောက် ဒုတိယမြောက် ကစားသမားသစ် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# ဂိုးသမား ဂါစီယာကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း ဘာစီလိုနာအသင်းပြောကြား




**ဘာစီလိုနာ ဇွန် ၁၄**

ဘာစီလိုနာ အသင်းသည် အနာဂတ်စီမံကိန်းအတွက် အက်စ်ပန်ညိုအသင်းတွင် လက်စွမ်းပြသနေသည့် ဂိုးသမား ဂါစီယာကို စာချုပ်ဖျက်သိမ်းကြေး ယူရို ၂၅ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ပြီး အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်း အနေဖြင့် လာလီဂါအဖွဲ့ချုပ်က ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီစေရန်အတွက် ဂိုးသမား ဂါစီယာကို ခေါ်ယူမှုမပြုလုပ်မီ ရန်ပုံငွေလိုအပ်ချက်ကို အပြီးသတ်ရှင်းလင်းနိုင်မှသာ ကစားသမားအတွက် ငွေပေးချေမှုပြုလုပ်၍ ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းက ကစားသမားအတွက် စာချုပ်ဖျက်သိမ်းကြေး ယူရို ၂၅ သန်းပေးချေမည်ဖြစ်ပြီး လာမည့် ၂၀၃၁ ခုနှစ်ထိ ကာလရှည်စာချုပ်ချုပ်ဆိုမည်ဖြစ်ကာ အသင်းမှ ဂိုးသမား တာစတီဂန်၊ ပီနာ၊ ဆက်ဇနီတို့နှင့်အတူ ပွဲထွက်ခွင့်ယှဉ်ပြိုင်ရမည် ဖြစ်သော်လည်း တာစတီဂန်အနေဖြင့် နွေရာသီအပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာရန် သေချာလျက်ရှိသည်။

ဂိုးသမားဂါစီယာသည် ၂၀၂၄ ခုနှစ်က အက်စ်ပန်ညိုအသင်းကို လာလီဂါသို့ တန်းတက်ခွင့်ရရှိခဲ့အောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းအတွက် အမှတ်ပေးပြိုင်ပွဲ ၃၈ ပွဲထိ ပါဝင်၍ အသင်းကို နောက်ဆုံးပွဲစဉ်ထိ တန်းမဆင်းရအောင် အကောင်းဆုံးစွမ်းဆောင်၍ လက်စွမ်းပြသနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်၊ မန်ယူ၊ အေဗီလာ၊ နယူးကာဆယ်အသင်းနှင့် ဘုန်းမောက်အသင်းတို့က အပြိုင်ကမ်းလှမ်းခဲ့ပြီး အာဆင်နယ်အသင်းက အကြိုသဘောတူညီမှုရယူနိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်းက ကြားဖြတ်ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာတွင် ကစားသမားအနေဖြင့် ဘာစီလိုနာအသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

# U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဆမ်ဘန်းဦးဆောင်

**ကော်ရင် ဇွန် ၁၄**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ကော်ရင်မြို့တွင်ကျင်းပနေသည့် U.S.Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားဆမ်ဘန်းက သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမနေ့တွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျေဂျေစပေါင်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

နော်ဝေဂေါက်သီးရိုက် ကစားသမား ဟော့ဗ်လန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဂေါက်သီးရိုက် လောက၏ အခက်အခဲဆုံး ပြိုင်ပွဲဖြစ်ပြီး ကစားရ အခက်အခဲဆုံးသော ဂေါက်ကွင်းဟု သတ်မှတ်ခံထားရသည့်အတိုင်း ပြိုင်ပွဲဝင်များ အနေဖြင့် ဒုတိယနေ့၌ ရလဒ်ကောင်းရရှိရေးအတွက် ရုန်းကန်ခဲ့ကြရသည်။

ဆမ်ဘန်းက "ကျွန်တော့်အနေနဲ့ ဒုတိယနေ့မှာ အကောင်းဆုံး ကစားနိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ပထမနေ့မှာ အခက်အခဲတွေရှိပေမဲ့လဲ ဒုတိယနေ့မှာတော့ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ ဒီဂေါက်ကွင်းဟာ အရမ်းကိုကစားရခက်တဲ့ ဂေါက်ကွင်းဖြစ်ပါတယ်။ အမှတ်ပေးဇယားကိုကြည့်လိုက်ရင် ကစားရ ဘယ်လောက်ခက်မလဲဆိုတာကို မြင်တွေ့နိုင်ပါတယ်။ နောက်နေ့တွေမှာ ဘာတွေဖြစ်လာမလဲဆိုတာ မသိနိုင်ပေမဲ့လဲ တတိယနေ့မှာ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားသွားမယ်။ ရထားတဲ့ရလဒ်ကို ဆက်ထိန်းနိုင်အောင် အတတ်နိုင်ဆုံးကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



# ဘာစီလိုနာအသင်းမှ ထွက်ခွာမည့် ဂိုးသမားတာစတီဂန်ကိုခေါ်ယူရန် ဂါလာတာစာရေးအသင်း ကြိုးပမ်းနေ

**ဘာစီလိုနာ ဇွန် ၁၄**

တူကီယဲ ထိပ်တန်းကလပ် ဂါလာတာစာရေးအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းမှထွက်ခွာမည့် ဂိုးသမား တာစတီဂန်ကို ခေါ်ယူရန်အတွက် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ တာစတီဂန်သည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ဂလာဘတ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အဓိကဂိုးသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် တာစတီဂန်သည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရသည့်အတွက် ဘာစီလိုနာအသင်းက ဂိုးသမားနေရာအတွက် ဆက်ဇနီကို ခေါ်ယူခဲ့ပြီးနောက် ဆက်ဇနီအနေဖြင့် ယခုနှစ် ဘောလုံးရာသီတွင် အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့သည့်အတွက် ဘာစီလိုနာအသင်းက နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂိုးသမား တာစတီဂန်အနေဖြင့် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သော်လည်း နည်းပြ ဟန်ဆီဖလစ်က ဂိုးသမားနေရာအတွက် ဆက်ဇနီကိုသာ ကစားစေခဲ့ပြီး တာစတီဂန်ကို ဒုတိယဦးစားပေး ဂိုးသမားအဖြစ်သာ အသုံးပြုခဲ့ခြင်းဖြစ်သည်။

တာစတီဂန်က အစောပိုင်းက အသင်းမှ မထွက်ခွာဘဲ ပွဲထွက်ဂိုးသမားနေရာ ပြန်လည်ရရှိရန် ပစ်မှတ်ထားနေသော်လည်း ဘာစီလိုနာအသင်းက အက်စ်ပန်ညိုအသင်းမှ ဂိုးသမား ဂါစီယာကို ခေါ်ယူနိုင်ခဲ့ပြီးနောက် တာစတီဂန်အနေဖြင့် ပွဲကစားခွင့်နည်းပါးနိုင်သည့်အခြေအနေကြောင့် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့သည့်အတွက် ဂါလာတာစာရေးအသင်းက ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# မန်စီးတီးအသင်းက ဂရီးလစ်ချ်ကို အငှားစာချုပ်ဖြင့် စေလွှတ်ရန်ပြင်ဆင်




**မန်ချက်စတာ ဇွန် ၁၄**

မန်စီးတီးအသင်းက တောင်ပံကစားသမား ဂရီးလစ်ချ်ကို လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း အပြီးသတ်စာချုပ်ဖြင့် ရောင်းချရန် ခက်ခဲနေသည့်အတွက် အငှားစာချုပ်ဖြင့် စေလွှတ်ရန်အတွက် ပြင်ဆင်ထားကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ဂရီးလစ်ချ်ကို ရောင်းချရန်အတွက် ပထမနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလကတည်းက အတည်ပြုထားသော်လည်း ၎င်း၏ မြင့်မားသည့် လုပ်ခလစာကြောင့် ခေါ်ယူလိုသည့် အသင်းမရှိဖြစ်နေသည့်အတွက် အပြီးသတ်စာချုပ်ဖြင့်ရောင်းချရန် ခက်ခဲနေခြင်းဖြစ်သည်။

ဂရီးလစ်ချ်သည် အေဗီလာအသင်းတွင်ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင်သန်း ၁၀၀ ဖြင့် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့်အတွက် မန်စီးတီးအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂရီးလစ်ချ်သည် မန်စီးတီးအသင်းတွင် တစ်ပတ်လုပ်ခစတာလင်ပေါင် ၃၀၀၀၀၀ ရရှိနေသူဖြစ်ပြီး မန်စီးတီးအသင်းက အပြီးသတ်ရောင်းချလိုနေသော်လည်း ၎င်း၏ မြင့်မားသည့် လုပ်ခလစာကို ပေးချေလိုသည့် အသင်း မရှိသည့်အတွက် အပြောင်းအရွှေ့မှာ ကြန့်ကြာနေခြင်းဖြစ်သည်။

မန်စီးတီးအသင်းက ဂရီးလစ်ချ်ကို ရောင်းချရန်အတွက် မကြာမီကျင်းပမည့် ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲကစားမည့် အသင်းကစားသမား စာရင်းမှ ချန်လှပ်ထားခဲ့ခြင်းဖြစ်ပြီး လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အပြီးသတ်စာချုပ်ဖြင့် မရောင်းချနိုင်ပါက အငှားစာချုပ်ဖြင့် ခေါ်ယူလိုသည့် အသင်းထံ စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# ဖီနာဘာချီအသင်းက ဝေါ်လ်ကာကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိ

**အစ္စတန်ဘူလ် ဇွန် ၁၄**

ဖီနာဘာချီအသင်းက မန်စီးတီးအသင်းမှ ဝေါ်လ်ကာကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ရန်အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၅ နှစ်ရှိ ဝေါ်လ်ကာသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က စပါးအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် မန်စီးတီးအသင်းတွင် ကာလရှည် ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဂွါဒီယိုလာ လက်အောက်၌ ပွဲကစားခွင့်နည်းပါးနေသည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက အေစီမီလန်အသင်းသို့ ရာသီဝက် အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းက အငှားစာချုပ်ကုန်ဆုံးခဲ့ပြီးနောက် အပြီးသတ်စာချုပ်ဖြင့် မခေါ်ယူဘဲ မန်စီးတီးအသင်းသို့ ပြန်လည်စေလွှတ်ခဲ့ပြီး မန်စီးတီးအသင်းကလည်း နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အပြီးသတ်ရောင်းချသွားမည်ဖြစ်သည်။

ဖီနာဘာချီအသင်းက ဝေါ်လ်ကာကိုခေါ်ယူရန်အတွက် ဆွေးနွေးခဲ့ရာ တစ်နှစ်လုပ်ခ ယူရိုရှစ်သန်း အပြင် အပိုဆုကြေး ယူရို နှစ်သန်းဖြင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဖီနာဘာချီအသင်းက ဝေါ်လ်ကာနှင့်သဘောတူညီမှုရရှိခဲ့ပြီးနောက် မန်စီးတီးအသင်းနှင့် ပြောင်းရွှေ့ကြေး ဆက်လက်ဆွေးနွေးမှုများ လုပ်ဆောင်နေပြီး ပြောင်းရွှေ့ကြေး ယူရို ငါးသန်းဖြင့် သဘောတူညီမှုရရှိနိုင်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# ကွက်စိပ်

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

သုခုမသဘင်အပါအဝင်ဖြစ်သော ကွက်စိပ်စာဟောသဘင်ကို မတွေ့မမြင်ရသည်မှာ ကြာပြီဖြစ်သည်။ ယခုအခါ အမြင်သစ်၊အကြားသစ်များဖြစ်သော အဆိုသဘင်၊အတီးသဘင်၊အကသဘင်၊ အရိပ်ပြသဘင် စသည်ဖြင့် တိုးတက်လာခဲ့ခြင်းကြောင့် မြန်မာ့ရိုးရာတစ်ခုဖြစ်သော စာဟောသဘင်တစ်နည်း ကွက်စိပ်သဘင်သည် တိမ်မြုပ်ခဲ့လေပြီ။

စာဟောသဘင်၏ပုံရိပ်များကို ပြန်လည်တူးဆွကြည့်ပါက ရှေးခေတ်ကာလက ရပ်ကွက်များတွင် လမ်းလယ်၌ ခြေလေးချောင်းခုတင်အကြီး အလတ်၊ အသေးသုံးလုံးကို ထပ်၍ခင်းပြီး အပေါ်ဆုံးခုတင်၌ သင်ဖြူးဖျာချောခင်း၍ ခေါင်းအုံးကြာတွန့်အဖြူ နှစ်လုံးဆင့်ထားကာ ဘေးတွင် ရေတကောင်းနှင့် ရေခွက်ကိုထားကြသည့် စာဟောသဘင်စင်မြင့်ကို တွေ့မြင်ကြည့်နိုင်သည်။

အလင်းအမှောင်အနေဖြင့် ခုတင်တိုင်နှစ်ခုတွင် ဝါးလုံးနှစ်လုံးထောင်၍ တန်းလုပ်ပြီး လသာမီးအိမ်သုံးလုံး ထွန်းညှိကြသည်။ စာဟောစင်မြင့်သို့ ည ၈ နာရီခန့်တွင် စာပြောကွက်စိပ်ဆရာ ရောက်လာပြီး မင်းသား၊ မင်းသမီးမပါ၊ လူကြမ်း၊ လူရွှင်တော်မပါ တစ်ကိုယ်တည်းဖြင့် ဇာတ်စုံခင်းကျင်း၍ ပရိသတ်၏စိတ်ဓာတ်ကို ဆွဲငင်ဟောပြောခြင်းဖြစ်သည်။ ကွက်စိပ်ဆရာသည် စာပြောသဘင်ကို ရတနာသုံးပါးကန်တော့ခန်းဖြင့် ပဏာမပြု၍ စတင်ဟောပြောသည်။

ဟောပြောချက်များမှာ နိပါတ်တော်၊ ဇာတ်တော်လာပုံပြင်များဖြစ်သည်။ ရာဇဝင်လာအချက်အလက်များ၊ စကားပုံများနှင့် အခြားမှတ်သားဖွယ် နက္ခတ်၊ ဗေဒင်ပညာ၊ဆေးပညာမှစပြီး အင်္ဂါရသပညာရပ်များကို ကြားညှပ်ဟောပြောလေ့ရှိသည်။ စာနာပရိသတ်မှာလွန်စွာနှစ်သက်စွဲလမ်းကြသဖြင့် တိတ်ဆိတ်ငြိမ်သက်စွာနားထောင်ကြသည်။ တစ်ခါတစ်ရံပျင်းရိဖွယ်အခန်းများကို ရယ်ရွှင်ဖွယ်စကားလုံးများညှပ်ပြီး ဟောပြောတတ်သဖြင့် ပရိသတ်မှာ အိပ်ချင်ပြေ၍ ပိုမိုစွဲလမ်းကြသည်။ စာပြောနာရန် ဝါသနာထုံသည့်သူများသည် မည်သည့်ရပ်ကွက်တွင် စာပြောရှိသည်ဟုကြားလျှင် ထိုရပ်ကွက်သို့ သွားရောက်နားထောင်လေ့ရှိသည်။

မန္တလေးမြို့က စာပြောသဘင်ဟု စတင်သုံးပြီး အောက်ပြည်ရောက်လာသည့်အခါ ကွက်စိပ်သဘင်ဟုခေါ်ကြသည်။ ကွက်စိပ်ဆိုသည်မှာ "ရှေးဟောင်းပုံပြင်စသည်မှ ဇာတ်ကောင်အမျိုးမျိုး၏ ဟန်အမူအရာ၊ အသံနေအသံထားဖြင့် တစ်ယောက်တည်းက သရုပ်ဖော်ရွတ်ဆိုဟောပြောချက်"ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုထားလေသည်။

စာရေးဆရာမောင်ထင်ကလည်း "ကွက်စိပ်ဆိုသည်မှာ စာဟောဆရာ(ကွက်စိပ်ဆရာ)တစ်ဦးတည်းက ဇာတ်တစ်ခုလုံးကိုဦးစီး၍ မင်းကြီးနေရာ၌ သူပဲ မင်းကြီး၊ဝန်ကြီးလေးပါးနေရာ၌ သူပဲဝန်ကြီးလေးပါး၊ မင်းသားနေရာ၌ သူပဲမင်းသား၊ မင်းသမီးနေရာ၌ သူပဲမင်းသမီး၊ လူကြမ်းနေရာ၌ သူပဲလူကြမ်း ဤကဲ့သို့ အမျိုးမျိုးသောဇာတ်ဆောင်သူတို့နေရာကို သူတစ်ဦးတည်းက ဒိုင်ခံယူ၍ ဟောပြောအသုံးတော်ခံခြင်းဖြစ်သည်"ဟူ၍ ရှင်းလင်းဖွင့်ဆိုထားလေသည်။

စာပြောသဘင် စတင်ပေါ်ပေါက်ခဲ့သောအချိန်အခါကို လေ့လာမိသောအခါ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်ခန့်က အီဂျစ်ပညာရှိများ၊ ဂရိဖီလိုဆိုဖာကြီးများခေတ်မှ စတင်ပေါ်ပေါက်လာသည်ဟု ယူဆကြသည်။ ထိုအချိန်ကာလက ဒဏ္ဍာရီပုံပြင်ဆရာကြီးများသည် မြေတလင်းပြင်တွင် စာပြောသဘင်များပြုလုပ်၍ ဝါသနာပါသူပရိသတ်များကို ပြောဟောလေ့ရှိကြသည်။ ထို့နောက် အိန္ဒိယဟိန္ဒူပညာရှိများလက်ထက်တွင် ရာမ၊ ဘာရတ္ထ၊ ဥပနိသျှ စသော ကျမ်းထွက်ပုံပြင်များနှင့် စကားပုံများကို စာဟောသဘင်ဆင်ယင်ကျင်းပ၍ ပြောဟောလေ့ရှိခဲ့ကြသည်။

**❖အဘိုး၊ အဘွား၊ အမိ၊ အဖတို့ရင်ခွင်၌ နားထောင်ရသော ရှေးစကားပုံပြင်သည် ရိုးရိုးကလေးပင်ဖြစ်သည်။ ကွက်စိပ်ကား ဇာတ်အိမ်ဇာတ်ကွက်ကြီးသည်။ ခမ်းနားသည်။ အသော၊ အလွမ်း၊ အရွှင်၊ အရွှန်းများနှင့် ကွန့်ချင်တိုင်းကွန့်နိုင်သည်။ ထို့မျှမကသေး ကွက်စိပ်ဆရာသည် ဆိုင်းနှင့်တွဲဖက်၍ အဆို၊ အငိုများဖြင့် ထည့်သွင်းဖျော်ဖြေပေးသည်။ စာဟောကလည်း ဆိုင်းမပါသည်မှအပ ဘုရင့်အသံ၊ သမီးတော်အသံ၊ ဝန်သံ၊ အမတ်သံတို့ဖြင့် စိတ်ဝင်စားဖွယ် ဟောပြောနိုင်သည်။ ရှေးက ဇာတ်ပွဲ၊ ရုပ်သေးပွဲများ မထည့်နိုင်သည့် အလှူတွင် ကွက်စိပ်သဘင်တော့ ပါဝင်တတ်သည်။ ❖**

ဥရောပတစ်ခွင်တွင်နာမည်ကျော်ကြားခဲ့သော ဝတ္ထုရေးဆရာကြီး ဒစ်ကင်းသည် သူရေးသားသော ဝတ္ထုများကို နယ်လှည့်၍ စာဟောဆရာအဖြစ်နှင့် ဟောပြောပြီး စာအုပ်များကို ရောင်းချဖူးခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့၌ ဆရာကြီး၏ဝတ္ထု လူကြိုက်များသွားသည်မှာ ဆရာကြီးကိုယ်တိုင် ဟောပြောချက်များကြောင့်ပင်ဖြစ်သည်ဟု မှတ်တမ်းများက ဆိုလေသည်။ ထို အထောက်အထားများကိုသိရခြင်းဖြင့် စာဟောသဘင်၏ ဦးစွာဖြစ်ပေါ်ပုံကို အကဲခတ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးရှေးကာလကဒဏ္ဍာရီဝတ္ထုများကိုရဲရဲဝံ့ဝံ့စွာရေးသားပြောဆိုသူမရှိသလောက်နည်းပါးသည်။ သမ္ဖပ္ပလာပဝါစာမဖြစ်စေရန် ဘုရားဟောဇာတ်နိပါတ်တို့ကိုသာ လူအများနားလည်လွယ်သော စကားပြေနှင့်တစ်မျိုး၊ ကဗျာသံနှင့်တစ်ဖုံ ရေးသားပြောဆိုဟောကြားခဲ့ကြသည်။ ဒဏ္ဍာရီဝတ္ထုများမပေါ်မီ စာဖတ်ပရိသတ်ကို ပြဇာတ်ဟောစာစသည်တို့ဖြင့် ရှေးမြန်မာစာဆိုကြီးများကရေးသားတင်ဆက်ခဲ့ကြသည်။ ဇာတ်ပွဲသဘင်ကိုကြည့်ရှုနေရသကဲ့သို့ ထင်မြင်လာစေရန် ဆွဲဆောင်ရေးသားနိုင်ကြသဖြင့် ထိုပြဇာတ်ဟောစာရေးဆရာတို့ ထိုအချိန်အခါက အတော်ပင်ခေတ်စားခဲ့သည်။

အထူးသဖြင့် အလောင်းဘုရားခေတ်မှ နောက်ပိုင်းခေတ်များတွင် ပြဇာတ်ဟောစာခေတ်များခေတ်စားလာခဲ့သည်ကို တွေ့ရသည်။ ဟောစာဟူသော အသုံးအနှုန်းများမပေါ်မီ "သာချင်း"များပေါ်ပေါက်ခဲ့သေးသည်။ သာချင်းဟူသောအဖွဲ့သည်ဟောစာနှင့် ခပ်ဆင်ဆင်တူသည်။ သာချင်းစပ်ဆိုရာ၌ စာဆိုသူ လက်ထက်မတိုင်မီ ဖြစ်ပေါ်သောအကြောင်းအရာများကိုလည်းကောင်း၊ ဇာတ်ဝတ္ထုများကိုလည်းကောင်း ဖွဲ့ဆိုလေ့ရှိကြသည်။ သာချင်းမှာ ရကန်သဘောကဲ့သို့ တစ်ဖက်ကစာဆိုကို အတိုက်အခံဆုတ်ကန်၍ ရေးသားနည်းဖြစ်သည်။ သာချင်းတွင်လည်း စိတ်ဝင်စားဖွယ်၊ ထင်မြင်စွဲလမ်းဖွယ်အချက်အလက်များကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းပြတ်သားစွာဖော်ပြတတ်သော သတ္တိထူးများရှိလေသည်။ နန်းစဉ်စာတော်စာရင်းအရ စာပေလောကတွင် ထင်ရှားလှသောသာချင်းများမှာ ဦးအောင်ဖြိုးရေးသားသော ရာမသာချင်း၊ ကျန်စစ်သားကြိုက်ဖွင့်ခန်းသာချင်း၊ နော်ရထာစောတရုတ်ပြည်မှ စွယ်တော်ပင့်ခန်းသာချင်း၊ ဗောဓိပင်ကို မာန်ရန်တုလုခန်းသာချင်း၊ မင်းဆက်ရာဇဝင်သာချင်း၊ မောင်ချင်းဖြူ အမည်ခံ စာဆိုတစ်ဦးဖွဲ့ဆိုသော ကျန်စစ်သားသာချင်းနှင့် ပုဂံ့ဂုဏ်ကြီးသာချင်းစသည်တို့ဖြစ်သည်။ ပုံပြင်နားထောင်ပြီး ကြီးပြင်းခဲ့ကြသူများမှာ သာချင်းထက် စာဟောသဘင်၊ ကွက်စိပ်သဘင်တို့ကို ပိုမိုနှစ်ခြိုက်ကြသည်။

အဘိုး၊ အဘွား၊ အမိ၊ အဖတို့ရင်ခွင်၌ နားထောင်ရသော ရှေးစကားပုံပြင်သည် ရိုးရိုးကလေးပင်ဖြစ်သည်။ ကွက်စိပ်ကား ဇာတ်အိမ်ဇာတ်ကွက်ကြီးသည်။ ခမ်းနားသည်။ အသော၊ အလွမ်း၊ အရွှင်၊ အရွှန်းများနှင့် ကွန့်ချင်တိုင်းကွန့်နိုင်သည်။ ထို့မျှမကသေး ကွက်စိပ်ဆရာသည် ဆိုင်းနှင့်တွဲဖက်၍ အဆို၊ အငိုများဖြင့် ထည့်သွင်းဖျော်ဖြေပေးသည်။ စာဟောကလည်း ဆိုင်းမပါသည်မှအပ ဘုရင့်အသံ၊ သမီးတော်အသံ၊ ဝန်သံ၊ အမတ်သံတို့ဖြင့် စိတ်ဝင်စားဖွယ်ဟောပြောနိုင်သည်။

ရှေးက ဇာတ်ပွဲ၊ ရုပ်သေးပွဲများမထည့်နိုင်သည့် အလှူတွင် ကွက်စိပ်သဘင်တော့ ပါဝင်တတ်သည်။ အချို့သော နာရေးပွဲများတွင်လည်း ကွက်စိပ်ဆရာ၊ စာဟောဆရာများကို ပင့်ဖိတ်ကာ ကွက်စိပ်နာပွဲ၊ စာနာပွဲများ ထည့်သွင်းတတ်ကြသည်။

ကွက်စိပ်ဆရာသည် အလှူဖြစ်ပါက မဏ္ဍပ်အတွင်းရှိ သံဃာစင်ပေါ်မှဟော၍ နာရေးပွဲဖြစ်ပါက ပရိသတ်အလယ်တွင် ခုတင်တစ်လုံး၊ ရေတကောင်း၊ ထွေးခံ၊ ကွမ်းအစ်၊ ဆေးလိပ်ခံခွက်၊ လက်ဖက်အုပ်များ ချထားသည်။ ဟောပြောပွဲကို သူငယ်အိပ်ဆိတ်ချိန်ခန့်တွင်စတင်၍ သန်းခေါင်ခန့်တွင် အပြီးသတ်သည်။ တစ်ညတွင် တစ်ပုဒ်သာဟောသည်။

ကွက်စိပ်သဘင်သို့ ရွာနီးချုပ်စပ်မှလူည်းများဖြင့် လာရောက်နားထောင်ကြသည်။ ဟောပြောသူမှာ ဆိုင်းပါလျှင် ဆိုင်းတီးချိန်၌နားရသည်။ ဆိုင်းမပါလျှင် "တေတျာကလဲ မပါတဲ့အတွက် ဆေးကလေးတစ်ဖွာလောက်ရပ်ဆိုင်းပါရစေအုံးဗျာ"ဆိုကာ ပွဲနားရသည်။ ရေသောက်၊ လက်ဖက်စား၊ ဆေးလိပ်ဖွာရသည်။ စာရေးသူမှတ်သားမိသမျှ ကွက်စိပ်ဆရာကြီးများမှာ ဒဂုန်ဆရာတင်၊ ဒဂုန်ဆရာလင်း၊ တောင်တွင်းကြီးဆရာကျား၊ ဒဂုန်ဆရာညွန့်၊ နှစ်တရာမမှိန်တဲ့ ခေတ္တရာစိန်၊ သီရိမင်္ဂလာဆရာတင်၊ မန်းဇေယျာဒဂုန်ဆရာထွန်း၊ ကျိုက်လတ်ဆရာကျော်၊ မန္တလာသောင်း၊ ဘိုကလေးဆရာလှ၊ ခနေဖြူဆရာတင်၊ နေပြည်တော်ဆရာစံ၊ တွံတေးကရင်ချောင်းရွာမှ မင်္ဂလာဆရာရှိန်တို့ဖြစ်ကြသည်။ ထင်ရှားသည့် ဆိုင်းဆရာတို့သည်လည်း ကွက်စိပ်ကို ပံ့ပိုးတီးပေးခဲ့ကြသည်။

မြန်မာ့ရိုးရာကွက်စိပ်ပညာသည် အသံအဓိကဖြစ်သည်။ ထို့ကြောင့် ဟောပြောသူတို့သည် ဟောပြောရာတွင် သဒ္ဒါ ၁၀ ပါးညှိကြသည်။ ၎င်းများမှာ ခနိတ-တင်းတင်းရွတ်ရခြင်း၊ သိထိလ-လျော့လျော့ရွတ်ရခြင်း၊ ဒီဃ-ရှည်ရှည်ဆွဲ၍ရွတ်ရခြင်း၊ ရဿ-တိုတိုရွတ်ရခြင်း၊ ဂရု-လေးလေးရွတ်ရခြင်း၊ လဟု-ပေါ့ပေါ့ရွတ်ရခြင်း၊ သမ္ဗန္ဓ- စပ်၍စပ်၍ရွတ်ရခြင်း၊ ဝဝတ္ထိတ-ခွဲခြား၍ရွတ်ရခြင်း၊ ဝိမုတ္တ-သံဖွင့်၍ရွတ်ရခြင်း၊ နိဂ္ဂဟိတ-နှုတ်ခမ်းကိုပိတ်၍ ရွတ်ရခြင်းတို့ပင်ဖြစ်သည်။

ကွက်စိပ်သည် သဘင်အနွယ်ဝင်ဖြစ်၍ ဇာတ်သဘင်ကြီးများ၏ နောက်ပိုင်းဇာတ်ကြီး ဆိုင်း၊ ပြောဟန်များကိုလည်း ကွက်စိပ်တွင် နားဆင်မှတ်သားရလေသည်။ စာဟော၊ ကွက်စိပ်၏ဦးတည်ချက်မှာ ဇာတ်သဘင်များနည်းတူ ဖျော်ဖြေရေးပညာပေးခြင်းဖြစ်သည်။ ဟောပြောသူ၏ အသံသြဇာ၊ မှမောင်း၊ ကျက်မှတ်လေ့လာထားသောစာများ၏ တန်ဆာတို့ကြောင့် တန်ဖိုးမဖြတ်နိုင်သော ရိုးရာယဉ်ကျေးမှုအဖြစ်တည်ရှိနေခဲ့ခြင်းဖြစ်သည်။ တိုးတက်ပြောင်းလဲနေသောခေတ်စနစ်တို့နှင့်အတူထိန်းသိမ်းသင့်သည်များကို လက်ဆင့်ကမ်းပေးဝေခြင်းများရှိနေမှသာလျှင် နိုင်ငံနှင့်လူမျိုး အစဉ်အလာဟူသည့်ဂုဏ်ဒြပ်တို့သည် တည်တံ့နေမည်ဖြစ်သည်။ နောင်လာနောက်သားမျိုးဆက်မြေးမြစ်များသည် အမွေအနှစ်ကောင်းကို ချစ်မြတ်နိုးစေရန်နှင့် ယဉ်ကျေးမှုအသီးအရွက်အမြစ်တစ်ခုဖြစ်သည့် ကွက်စိပ်သဘင်ကို ဆက်လက်သယ်ဆောင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

**ကိုးကား**


၁။ ကျေးလက်ရိုးရာမြန်မာမှုလေ့များ။ (ဆင်ဖြူကျွန်းအောင်သိန်း)

၂။ သုတကြေးမုံ၊ (ဒဂုန်နတ်ရှင်)


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ငြိုး ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၁ ရက်မှစတင်ကာ M Entertainment Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇွန် ၁၄**

ငြိုး ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၁ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည၇နာရီတွင် M Entertainment Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ငြိုး ရုပ်သံဇာတ်လမ်းတွဲတွင် အဓိက ဇာတ်ဆောင်အဖြစ် သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဆောင်းဝတ်ရည်မေထံမှ သိရသည်။

အဆိုပါ ငြိုး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို စနိုးမိုင်လီက ရေးသားထားပြီး ထက်မြတ်ဇင်နိုင်က ဇာတ်ညွှန်း ရေးသားပေးထားကာ ဒါရိုက်တာ စနိုးမိုင်လီက ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

" ဒီဇာတ်လမ်းတွဲလေးကတော့ သုံးပွင့်ဆိုင် ဒရာမာဇာတ်လမ်းလေးပါ။ လောင်တော့လောင်မယ်။ ဒါပေမဲ့ တအားကြီးလောင်မှာ တော့မဟုတ်ဘူး။ ဒီဇာတ်လမ်းမှာ အလုပ်ကို ခင်တွယ်သူ၊ အချစ်ကို ကိုးကွယ်သူနဲ့ မနာလိုမှုကို ရင်ဝယ်ပိုက်ထားသူ သုံးယောက်ကြား ဖြစ်ပေါ်လာမဲ့ အစိုင်အခဲတစ်ခုရဲ့ ရလဒ်တစ်ခုကို မကြာခင် ပရိသတ်ကြည့်ရှုရမှာပါ။ အလုပ်နဲ့ မိသားစု ဘက်မမျှခဲ့မှုကနေ ဖောက်ပြန်တဲ့ ရလဒ်တစ်ခု ဖြစ်လာတဲ့အခါ ငြိုး ဆိုတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို M Entertainment Channel မှာ မကြာခင် ကြည့်ရှုရတော့မှာ ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ဆောင်းဝတ်ရည်မေက ပြောပြ၍ သိရသည်။

ငြိုး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ဝေဖြိုး၊ ဆောင်းဝတ်ရည်မေ၊ ဖုန်းသီရိကျော်၊ သန်းသန်းစိုး၊ နန်းအိန္ဒြေနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# တေးသံရှင် ဟဲလေး၊ ဝိုင်းစုခိုင်သိန်း၊ ယွန်းမြတ်သူတို့၏ တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel တွင် ပြုလုပ်မည်




**ရန်ကုန် ဇွန် ၁၄**

တေးသံရှင် ဟဲလေး၊ ဝိုင်းစုခိုင်သိန်း၊ ယွန်းမြတ်သူတို့၏ Escape Friday Event တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ ဇွန် ၂၇ ရက်တွင် Live Music Show အဖြစ် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင်ဟဲလေးထံမှ သိရသည်။

အဆိုပါ Escape Friday Event တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ ဇွန် ၂၇ ရက်ညတွင် ပြုလုပ်သွားမည် ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးတွင်းကာလမှာ အငြိမ့်စားသီချင်းတွေကို နားဆင်ချင်သူတွေအတွက် ကျွန်တော်တို့ အကောင်းဆုံးသီချင်းတွေ ရွေးပြီးပြင်ဆင်ထားပါတယ်။ မိုးအေးအေးမှာ သီချင်းအငြိမ့်စားတွေကို နားဆင်ချင်သူတွေလက်လွတ်မခံသင့်ဘူးလို့ ပြောချင်ပါတယ်"ဟု တေးသံရှင် ဟဲလေးက ပြောပြသည်။

တေးသံရှင် ဟဲလေး၊ ဝိုင်းစုခိုင်သိန်း၊ ယွန်းမြတ်သူတို့၏ Live Music Show တေးဂီတ ဖျော်ဖြေပွဲကို Inya Lake Garden Hotel တွင် ဇွန် ၂၇ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ASH

# ငပုတောမြို့နယ် စမ်းကြီးကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ငပုတော ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကြီးကျေးရွာအုပ်စု စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇွန် ၁၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပုတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စမ်းကြီးကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စမ်းကြီးကျေးရွာတွင် ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၀ ဒသမ ၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၈ ဒသမ ၉ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဇန်နဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သံသာ

# Being Heumann ဇာတ်ကား၌ မင်းသား ဒီလန်အိုဘရိုင်ယန် ပါဝင်လာ

**နယူးယောက် ဇွန် ၁၄**

Apple Original ရုပ်ရှင်၏ Being Heumann ဇာတ်ကား၌ မင်းသား ဒီလန်အိုဘရိုင်ယန်လည်း ပါဝင်လာကြောင်း ဇွန် ၁၃ ရက်တွင် ရေးသားဖော်ပြထားသည်။

Being Heumann ဇာတ်ကား၌ မင်းသား ဒီလန်အိုဘရိုင်ယန်သည် မင်းသား မာ့ရပ်ဖာလို၊ မင်းသမီး ရူမာဒီလေတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Being Heumann ဇာတ်ကားသည် အမေရိကန် အမျိုးသမီး မသန်စွမ်းသူများ အခွင့်အရေး တက်ကြွလှုပ်ရှားသူ ဂျူဒီဟူးမင်း၏ ဘဝမှတ်တမ်းကို အခြေခံ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Being Heumann ဇာတ်ကားတွင် မင်းသမီး ရူမာဒီလေက ဂျူဒီဟူးမင်းအဖြစ် သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

Being Heumann ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ စီယန်ဟီဒါက တာဝန်ယူ ရိုက်ကူးမည် ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

Being Heumann ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Apple Original ကုမ္ပဏီက ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ယူနီဗာဆယ်ကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဒီချန်လက်မင်း ပါဝင်လာ

**နယူးယောက် ဇွန် ၁၄**

ယူနီဗာဆယ်ကုမ္ပဏီ၏ သဘာဝလွန်လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဒီချန်လက်မင်းလည်း ပါဝင်လာကြောင်း ဇွန် ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ဂျို့မာလာမင်း၏ Incidents Around the House by Bird Box အမည်ရှိ လျှို့ဝှက်သည်းဖိုဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားတွင် မင်းသမီး ဒီချန်လက်မင်းသည် မင်းသား ဂျေးဒူးဗလက်၊ မင်းသမီး ဂျက်ဆီကာ ချက်စတိန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ရော့ဆာဗိတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် တရားဝင် ဇာတ်ကားနာမည် မပေးရသေးသော်လည်း ထုတ်လုပ်မှုလုပ်ငန်းများကို ယူနီဗာဆယ် ကုမ္ပဏီက စတင်နေပြီဖြစ်သည်။

အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ယူနီဗာဆယ် ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Merchants from Bogale Township send bags of broken rice to Yangon market in May


Workers seen stockpiling bags of rice in a warehouse.

**Bogale June 14**

A large number of bags of broken rice were sent to Yangon market from Bogale Township of Ayeyawady Region in May, said Daw Aye Myint, the trader of rice and paddy depot in Bogale Township.

In April of this year, Bogale Township was able to sell up to 450,000 bags (24-pyi size) of broken rice to the Yangon market. In May, they exported and sold up to 64,000 bags within just one month. These broken rice exports from the region are reportedly seeing strong demand in the Yangon market.

"We mainly export and sell broken rice from Bogale Township to the Yangon market. Most of the shipments are made using cargo trucks. From the first week of the month, there has been a notable increase in demand for broken rice. Business owners are continuously exporting and selling the rice. Since the sales and transportation are going smoothly without any difficulties, the merchants are satisfied," said Daw Aye Myint, a rice trader and warehouse owner in Bogale Township.

It is reported that the broken rice exported from Bogale to Yangon is currently priced at K41,000 per 24-pyi bag. Due to the rise in sales and exports, rice traders, warehouse owners, cargo workers, and truck drivers who rent out their vehicles are all benefiting from the situation.

Kyaw Kyaw Lin

# Mawlamyinegyun Township ships large number of climbing perch to Yangon in May

**Mawlamyinegyun June 14**

A large number of climbing perch was shipped to the Yangon market during May, said Daw Myint Myint Kyi, a fish market operator from Mawlamyinegyun Township in Ayeyawady Region.

Fish market operators from Mawlamyinegyun Township sell a variety of local products to the Yangon market. Last April, they sold only 50,000 visses of climbing perch, but from May 1 to 31, they transported 75,000 visses of climbing perch.

"Most of the fish products from Mawlamyinegyun, including climbing perch, are shipped to the Yangon market. The demand is strong but the price is stable. Other fishery products are also being sold. Climbing perch has the most sale," she said.

In Mawlamyinegyun, there are two main types of fish: freshwater climbing perch and farmed climbing perch. The climbing perch produced in Mawlamyinegyun is mainly shipped to the Yangon market. The price of climbing perch is up to 195,000 kyats per ten visses. Due to the strong market for climbing perch, fish farmers are increasing the number of climbing perch species.

KKL


Climbing perch.

# Plan underway to grow more than 500 acres of chilli in Pwintbyu Township

**Pwintbyu June 14**

According to Pwintbyu Township Agriculture Department, local authorities earmarked cultivation of 570 acres of chilli in Pwintbyu Township of Magway Region this monsoon.

In Pwintbyu Township, it is planned to cultivate 570 acres of chilli during this year's monsoon crop season, and planting will begin in the second week of June to ensure the full target acreage is achieved.

"This year, a total of 570 acres of chilli are planned to be cultivated within Pwintbyu Township during the monsoon season. Planting will begin around the second week of June. Efforts will be made to ensure the target acreage is fully cultivated. Since the chilli market is doing well, the situation for chilli farming is favourable. We will also work to encourage farmers to expand chilli cultivation as a commercial enterprise," said Daw Moe Moe Wai, the Head of the Pwintbyu Township Agriculture Department.

This monsoon season, the Township Agriculture Department will collaborate with local chilli farmers to improve yield, access to markets, pest and disease control, and food safety by promoting the use of Good Agricultural Practices (GAP). Training and technical assistance will be provided to help farmers properly use soil nutrients, fertilizers, and supplements to support soil fertility and productivity.

If chilli can be cultivated with high productivity, not only will local consumption be sufficiently met, but any surplus can be sold for profit. This will increase income from crops and contribute to the socio-economic development of the region. Therefore, efforts must be made across all areas to expand chilli cultivation, said Daw Moe Moe Wai.

Ye Win Naing (NyaungU)

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bogale Township ships large quantity of eels to Yangon in May

**Bogale June 14**

A large number of eels from Bogale Township, Ayeyawady Region, was shipped to the Yangon market during May, said Daw Zar Chi, a seafood market operator in Bogale Township.

Bogale Township is an area rich in eels and sold its products to the Yangon market in addition to the local market. Bogale Township transported 45,000 visses of eels to the Yangon market in April, and 73,000 visses of eels were shipped in May.

"Farmers in Bogale Township sell eels and other fishery products in addition to agricultural products. Fisheries are also a business for locals. The Yangon market has seen a good demand for eels in the past month. The strong demand has benefited local farmers and workers," she said.

The price of eel shipped from Bogale Township to the Yangon market is up to 19,500 kyats per viss. The strong demand for eel has benefited eel hunters, breeders, workers, and event operators.

KKL


Eels seen in trays before being transported to Yangon.

# Some 19,000 travellers visit Shwethaungyan beach in April



Visitors seen at Shwethaungyan beach.

**Pathein June 14**

A total of 19,243 travellers paid visits to Shwethaungyan beach in Pathein Township of Ayeyawady Region in May this year, said Daw Cherry Myint, the in-charge of Shwethaungyan beach tour service association.

A total of 28,457 travellers visited Shwethaungyan beach in Pathein Township of Ayeyawady Region in April this year, compared with 19,243 travellers in May.

"Over the past month, there has been an increase in tourists visiting Shwethaungyan Beach. Most of the visitors during this time were day-trippers. Due to the intense heat, there were also many visitors during May. Now that the rainy season has arrived, the number of tourists has slightly decreased, but the visits haven't completely stopped," said Daw Cherry Myint.

She added that both local and international travellers visited Shwethaungyan Beach in the past month.

There are over 20 hotels and guesthouses near Shwethaungyan Beach, including Shwethaungyan Hotel and Lai Lai Hotel, which are providing services to the tourists. At the beach, tourists are also offered a variety of services including seafood, souvenir shops, bicycle rentals, motorboat rentals, and horse rentals.

Kyaw Kyaw Lin

# Mawlamyinegyun Township supplies 66,000 bags of black gram to Yangon market in May

**Mawlamyinegyun June 14**

Local merchants from Mawlamyinegyun Township of Ayeyawady Region shipped 66,000 bags of black gram to Yangon market in May, said Daw Thida, the owner of pulse and beans trading in Mawlamyinegyun Township.

During the month of April, up to 40,000 bags of black gram from Mawlamyinegyun Township were exported and sold to the Yangon market. During May, sale of black gram increased to 66,000 bags, according to reports.

"We supplied 66,000 bags of black gram from Mawlamyinegyun to the Yangon market. Currently, buyers from Yangon are actively purchasing locally harvested beans. Because of the strong demand from international markets for black gram, demand from Yangon has also increased. Local traders and business operators are transporting and selling beans and rice from this region to Yangon," said Daw Thida.

Black gram and green gram are mainly exported to China. It is reported that international demand has become quite strong recently.



A pile of black gram.

The price of a 24-basket bag of black gram exported from Mawlamyinegyun to the Yangon market has reached up to K135,000 per bag. Due to the good market price and strong demand, farmers, traders, transport labourers, and truck rental operators are all reportedly doing well.

Kyaw Kyaw Lin

# Myaung Township sets plan to grow more than 4,000 acres of monsoon paddy this year

**Myaung June 14**

Data of Sagaing District Agriculture Department mentioned that local authorities earmarked cultivation of 4,001 acres of monsoon paddy in Myaung Township of Sagaing Region this year.

In 2025-26 monsoon season cultivation period, local farmers will start cultivation of monsoon paddy in July till September.

Daw Thida Lwin, Head of Sagaing District Agriculture Department, underscored: "Local authorities earmarked cultivation of 4,001 acres of monsoon paddy in the township this monsoon. Our department will provide assistance for local farmers to meet the target cultivation. Moreover, we will distribute necessary techniques, quality seeds and pesticides to local farmers for cultivation of paddy in time."

Relevant officials of the township will cooperate with local farmers to overcome any challenge in growing monsoon paddy.

Officials of the Myaung Township Agriculture Department will raise farmer awareness to apply agricultural techniques, prevent pests, minimize loss of crops and keep harvested crops under shelters in time.

This year, staff of Myaung Township Agriculture Department will join hands with local farmers in selecting quality strains of crops, prevention of pests, weeding, removal of different strains and systematic use of fertilizers with the aim of boosting per-acre yield of crops.

206

# U.S. consumer sentiment rises first time in six months

**Washington June 14**

Consumer sentiment improved for the first time in six months, according to the data released Friday by the University of Michigan.

The index of consumer sentiment in June climbed 16 percent from last month but remained about 20 percent below December 2024, when the sentiment exhibited a post-election bump.

The trends were unanimous across the distributions of age, income, wealth, political party, and geographic region, the survey found.

Moreover, all five index components rose, with a particularly steep increase for short and long-run expected business conditions, consistent with a perceived easing of pressures from tariffs.

"Consumers appear to have settled somewhat from the shock of the extremely high tariffs announced in April and the policy volatility seen in the weeks that followed," said Surveys of Consumers Director Joanne Hsu.

However, consumers still perceived wide-ranging downside risks to the economy.

Xinhua

# Death toll climbs to 78 in Eastern Cape floods in South Africa

**Cape Town June 14**

The death toll from the devastating floods in the Eastern Cape province of South Africa has risen to 78, with only 21 bodies identified so far, a senior government official confirmed on Thursday.

"I can confirm that the death toll from the floods has risen to 78, as more bodies continue to be recovered. This means we are facing a serious crisis," South Africa's Minister of Cooperative Governance and Traditional Affairs Velenkosini Hlabisa told the SABC News channel on Thursday evening.

The floods occurred after severe weather conditions hit multiple districts across the province on Monday, leaving hundreds of people displaced.

"As the water continues to subside, it's likely that more bodies will be found. What is comforting is that we have sufficient personnel conducting search and rescue operations," Hlabisa said.

According to the Eastern Cape provincial government, rescue teams are continuing to search affected areas for missing persons, with two helicopters, search and rescue vehicles, police dogs, and technical rescue teams deployed in the affected districts.

The minister also urged communities to assist by reporting missing persons to authorities.

"We have made a clarion call to all district centers that, if someone you know has not been seen in the past two days, please report them as missing," Hlabisa said.

He added that the majority of those who lost their lives were residents of flood-prone areas along riverbanks and flood plains.

Xinhua



This photo taken on June 13, 2025 shows a flood-damaged bridge where a scholar transport minibus carrying 11 school children and 2 adults was swept away during the floods in Mthatha, Eastern Cape Province, South Africa.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ဒရုန်းတပ်ဖွဲ့ကို သီးခြားစစ်ဘက်ဌာနခွဲတစ်ခုအနေဖြင့် ဖွဲ့စည်းတည်ထောင်ရန်လုပ်ဆောင်နေကြောင်း သမ္မတပူတင် ပြောကြား



ရုရှားနိုင်ငံသည် ဒရုန်းတပ်ဖွဲ့ကို သီးခြားစစ်ဘက်ဌာနခွဲ တစ်ခုအနေဖြင့် ဖွဲ့စည်းတည်ထောင်သွားရန် လုပ်ဆောင်နေကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကပြောကြားခဲ့သည်ဟု RT သတင်းဌာနက ဇွန် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် လာမည့်ဆယ်စုနှစ်တွင် စစ်လက်နက်တပ်ဆင်ရေး အစီအစဉ်အတွက် စစ်ဘက်၊ အရပ်ဘက် ထိပ်တန်းအရာရှိကြီးများနှင့် အစည်းအဝေးတစ်ခုအတွင်း မှတ်ချက်ပေးပြောကြားခဲ့ခြင်းလည်းဖြစ်သည်။ မောင်းသူမဲ့ စနစ်များသည် စစ်မြေပြင်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပြီး ၎င်းတို့ကို တပ်ဖြန့်အသုံးပြုမှုနယ်ပယ်သည် တစ်နေ့တခြား ကြီးထွားလာနေကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

"သူတို့ဟာ သံချပ်ကာယာဉ်တွေ၊ ကတုတ်ကျင်းတွေ၊ ဆက်သွယ်ရေးစနစ်တွေ၊ သယ်ယူပို့ဆောင်ရေးနဲ့ ရန်သူ့တပ်ဖွဲ့ဝင်တွေကို ချေမှုန်းဖျက်ဆီးနိုင်စွမ်းရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဒရုန်း အော်ပရေတာတွေဟာ ရန်သူ့စစ်ရေးစွမ်းအားစုတွေကို တိုက်ခိုက်ဖျက်ဆီးတဲ့နေရာမှာ ၅၀ ရာခိုင်နှုန်းလောက်ထိက သူတို့ရဲ့စွမ်းဆောင်ချက်တွေပဲဖြစ်ပါတယ်"ဟု သမ္မတပူတင်က ပြောကြားခဲ့သည်။

တိုက်ခိုက်ရေးတွင် အသုံးပြုခြင်းအပြင် ကင်းထောက်ခြင်း၊ အီလက်ထရွန်နစ်စစ်ဆင်ရေး၊ သတ္တုတူးဖော်ခြင်းနှင့် မိုင်းတူးဖော်ခြင်းတို့အတွက် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို တွင်ကျယ်စွာအသုံးပြုနေကြောင်း၊ ရုရှားသည် လက်ရှိတွင် မောင်းသူမဲ့လေယာဉ်တပ်ဖွဲ့၊ တစ်နည်းအားဖြင့် ဒရုန်းတပ်ဖွဲ့ကို သီးခြားစစ်ဘက်ဌာနခွဲ တစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်သွားရန် လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ဒရုန်းတပ်ဖွဲ့တည်ထောင်မှု၊ ဒရုန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဖြန့်ကြက်အသုံးပြုနိုင်မှုတို့ကို အတတ်နိုင်ဆုံး အမြန်ဆုံး ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိပ်တန်းဖြစ်စေရမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

"ဒရုန်းတပ်ဖွဲ့ရဲ့ လက်အောက်ခံတပ်ခွဲကို ဖန်တီးဖို့အတွက် အတွေ့အကြုံကောင်းတွေ စုဆောင်းရရှိထားပြီးဖြစ်တယ်လို့ ယုံကြည်ပါတယ်။ တပ်ဖွဲ့ဝင်များ လေ့ကျင့်သင်တန်းပေးဖို့၊ ဒရုန်းများ ထုတ်လုပ်မှုနဲ့ တပ်ဖွဲ့ဝင်တွေရဲ့ တိုက်ခိုက်ရေးစွမ်းရည်တွေကို မြှင့်တင်ပေးနိုင်တဲ့ ခေတ်မီစက်ကိရိယာတွေ လွှဲပြောင်းပေးအပ်သွားနိုင်ဖို့ ဆွေးနွေးပြောကြားထားပြီးဖြစ်ပါတယ်"ဟု သမ္မတပူတင်က ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် စစ်မြေပြင်တွင် ဒရုန်းနည်းပညာအသုံးပြုမှုကို တိုးတက်မြင့်မားစေရန် ကြိုးပမ်းအားထုတ်မှုတစ်ရပ်အနေဖြင့် ဒရုန်းတပ်ဖွဲ့သစ်ကို သီးခြားစစ်ဘက်ဌာနခွဲတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကြေညာခဲ့ပြီးဖြစ်သည်။ ထိုအချိန်တွင် ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီး Andrey Belousov က အဆိုပါဌာနခွဲကို ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် ဖွဲ့စည်းသွားမည်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Russia creating dedicated drone force – Putin ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယကြည်းတပ်၏ အကဲဖြတ်ဆန်းစစ်မှုအတွင်း Rudrastra VTOL ဒရုန်းက တိုက်ပွဲဝင်အသင့်ဖြန့်ကြက်အသုံးပြုနိုင်ခဲ့

အိန္ဒိယနိုင်ငံ Solar Defense and Aerospace Limited ထုတ် မျိုးဆက်သစ် Rudrastra VTOL ဒရုန်းသည် Pokhran စက်ပစ်ကွင်းတွင် အိန္ဒိယကြည်းတပ်၏ အကဲဖြတ် ဆန်းစစ်မှုများအတွင်း တိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုနိုင်ခဲ့ကြောင်း သက်သေပြခဲ့သည်ဟု Army Recognition သတင်းဌာနက ဇွန် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းသည်မှာ အိန္ဒိယနိုင်ငံ၏ ပုဂ္ဂလိကပိုင်ကဏ္ဍသည် ရန်သူ့နယ်မြေအတွင်းထိ တာဝေးပျံသန်း၊ ထောက်လှမ်းကြည့်ရှု၊ ပစ်မှတ်ဖော်ထုတ်သတ်မှတ် တိုက်ခိုက်နိုင်သည့် ဒရုန်းများကို ပံ့ပိုးပေးနိုင်စွမ်းရှိကြောင်း ဖော်ညွှန်းပြသနေခြင်းလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံ အနောက်ဘက်ခြမ်း နယ်နိမိတ်ကို ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခဲ့သော Operation Sindoor စစ်ဆင်ရေးအလွန် ကြိုးပမ်းဆောင်ရွက်ချက်များထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး စမ်းသပ်မှုသည် Multirotor ဒရုန်းများနှင့် တောင်ပံပုံသေတပ်ဒရုန်းများ ကိုယ်ပိုင်တီထွင်ထုတ်လုပ်နိုင်စေရန် တွန်းအားပေးကြိုးပမ်းလုပ်ဆောင်လာမှုကို ထင်ဟပ်စေလျက်ရှိကြောင်း The Times of India သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

Rudrastra VTOL ဒရုန်းတွင် တောင်ပံတစ်စုံ၊ တွန်းအားပေးပန်ကာတစ်ခုနှင့် ဒလက်ခြောက်ခု တပ်ဆင်ပေးထားပြီး ရှေ့သို့တည့်တည့်မပျံသန်းမီ ဒေါင်လိုက်ပျံတက်၍ အကွာအဝေး ကီလိုမီတာ ၁၇၀ ထိ ရည်မှန်းချက်တာဝန် ထမ်းဆောင်နိုင်သည်။ ကုဒ်ဝှက်ထားသော ဗီဒီယိုလင့်ခ်ဖြင့် အကွာအဝေးကီလိုမီတာ ၅၀ ကျော်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကာ လေထဲတွင် ၁ နာရီ မိနစ် ၃၀ ပျံသန်းနေနိုင်သည်။ အလေးချိန် ၄၅ ကီလိုဂရမ်ရှိ Rudrastra VTOL ဒရုန်းသည် အပေါ့စားသံချပ်ကာဖောက်ကျည် သို့မဟုတ် တပ်ဖွဲ့ဝင်များ ချေမှုန်းရေး တိကျပဲ့ထိန်းခဲယမ်းများ အလေးချိန် ရှစ်ကီလိုဂရမ်ထိ သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။

လေဆာလမ်းကြောင်းပြကိရိယာတို့ပါရှိပြီး အလိုအလျောက် စမှတ်ပြန်စနစ်တပ်ဆင်အသုံးပြုထားသည်။ ဒရုန်း အော်ပရေတာများအနေဖြင့် တိတ်တဆိတ်ကင်းထောက်ခြင်း သို့မဟုတ် ရှာဖွေ၊ ထိန်းချုပ်၊ သုတ်သင်ခြင်း စသည့်လုပ်ငန်းစဉ်များဖြင့် တိုက်ခိုက်ခြင်းဟူ၍ ရွေးချယ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

တင်ဒါယှဉ်ပြိုင်သည့် ဒရုန်းအစင်း ၄၀ ကျော်ထဲမှ တိုက်ရိုက်ပစ်ခတ်စဉ်အတွက် နောက်ဆုံးဆန်ခါတင် ဒရုန်းလေးစင်း ရွေးချယ်ခံခဲ့ရခြင်းဖြစ်ကာ အိန္ဒိယကြည်းတပ်၏ အကဲဖြတ်ဆန်းစစ်ချက်ကို Rudrastra VTOL ဒရုန်းသည် အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ Maharashtra မြို့တွင် အစောပိုင်း စမ်းသပ်မှုများသည် အိန္ဒိယကာကွယ်ရေး သုတေသနအဖွဲ့(DRDO) ၏ 180–မှ 220–hp Indigenization စီမံကိန်းအောက်တွင်အင်ဂျင်တပ်ဆင်၍ မြေပြင်မောင်းနှင စမ်းသပ်မှုများပြုလုပ်ခဲ့ပြီး ပျံသန်းမှုအတွက် အရေးကြီးအစိတ်အပိုင်း၊ ဒရုန်းကိုယ်ထည်၊ တွန်းကန်အား၊ အာရုံခံ ကိရိယာနှင့်ထိပ်ဖူးတို့သည် မိမိကိုယ်ကိုအားကိုးရေး မူဝါဒနှင့်အညီ ထုတ်လုပ်ထားကြောင်း သိရသည်။

ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်ပြီး ပုံမှန်အလျင်နှုန်းဖြင့် ပျံသန်းနိုင်စွမ်းတို့နှင့်အတူ တောင်ပံပုံသေတပ် အသေးစား ဒရုန်းများနှင့်ယှဉ်နိုင်ကာ Rudrastra ဒရုန်းသည် ဝယ်ယူထားသည့် အစ္စရေးထုတ် VTOL ဒရုန်းများနှင့် အိန္ဒိယပြည်တွင်းထုတ် Rustom–I တို့ထက်ပင် ကုန်းပြင် မြင့်ဒေသများတွင် ထူးခြားသော အားသာချက် ပိုင်ဆိုင်ထားသည်။

တူကီယဲနိုင်ငံထုတ် Kargu ဒရုန်း၊ အီရန်ထုတ် Farpad ဒရုန်းအမျိုးအစားများနှင့် ယှဉ်ကြည့်မည်ဆိုပါက Rudrastra VTOL ဒရုန်းများသည် Payload အလေးချိန်နှင့် လေထဲတွင် ပျံသန်းနိုင်ချိန်သည် အပြန်အလှန်မှီခိုမှုရှိသည်။ ထို့ပြင် ပြင်ပဒရုန်းပစ်လွှတ်စင်များပေါ်တွင် မှီခိုကြရသည်။ Rudrastra VTOL ဒရုန်းမှာမူ အလိုအလျောက် ပျံသန်းထိန်းကျောင်းနိုင်စွမ်းနှင့် Payload တင်ဆောင်နိုင်စွမ်း မြင့်မားကောင်းမွန်သည်။ ထို့ကြောင့် အမျိုးအစားတူဒရုန်းများထဲတွင် သိသာထင်ရှားသော အားသာချက်များ ပိုင်ဆိုင်ထားသည်ဟု ဆိုနိုင်မည်။

မဟာဗျူဟာအရ ကြည့်မည်ဆိုလျှင် Rudrastra VTOL ဒရုန်းသည် အိန္ဒိယကြည်းတပ်အတွက် နယ်စပ်ထိန်းချုပ်ရေးမျဉ်းတစ်လျှောက် တရားမဝင်စိမ့်ဝင်လာမှုများ၊ ရန်သူ့ တာဝေးပစ်လက်နက်များကို ထောက်လှမ်းရန်နှင့် ရှေ့တန်းကျကျ တပ်ဖြန့်ထားသော ရန်သူ့အမြောက်များကို ဦးနှိမ်ဖြိုခွင်းရန်တို့အတွက် ရဟတ်ယာဉ်များသုံး၍ စွန့်စားရန် မလိုအပ်တော့ဘဲ တပ်စုအဆင့်ထိ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**India’s Solar Defence Rudrastra VTOL Drone Passes Army Trials for Reconnaissance and Precision Strike Missions ကို ဘာသာပြန်ဆိုထားပါသည်။**



**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၀၉၄၀၀ စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၀၉၄၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် စပါး ဧက ၁၀၉၄၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ တတိယပတ်အတွင်း စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း စပါးဧက ၁၀၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးမယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် စပါးစိုက်ပျိုးမည့်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)




# ဝါးခယ်မမြို့နယ် ရွှေကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**ဝါးခယ်မ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရွှေကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရွှေကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလမ်းကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရွှေကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၆၃၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၁၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရွှေကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ဒေသထွက်ကုန်များကို အချိန်ကုန်သက်သာစွာဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပန်းကဏန်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပန်းကဏန်း ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပန်းကဏန်းပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ပန်းကဏန်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါပန်းကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ မေလအတွင်း ပန်းကဏန်းတွေ ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေတင်ပို့ရောင်းချတဲ့ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပန်းကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်။ ပန်းကဏန်းတွေ ဝယ်ယူမှုအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေ အဆင်ပြေလျက်ရှိပါတယ်" ဟုလပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ပန်းကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၉၇၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇေယျာသီရိမြို့နယ် သစ်တပ်ကလေးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သစ်တပ်ကလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

သစ်တပ်ကလေးကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းအသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နော်လူး**



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိစက်ရုံများ စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကွင်းဆင်းဆောင်ရွက်





**နေပြည်တော် ဇွန် ၁၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် စက်မှုနယ်မြေ အမှတ်(၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်)ရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃၃)အကြီးစားစက်ရုံ (ကျောက်ဆည်)၌ ဘိလပ်မြေများထုတ်လုပ်နေမှုနှင့်ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းကိရိယာများ၊ အဆောက်အအုံများ စစ်ဆေးပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းတံတား၊စက်ရုံ၊ အလုပ်ရုံ၊ သာသနိကအဆောက်အအုံများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောဘိလပ်မြေများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံ၌ တပ်ဆင်ထားသည့် စက်ပစ္စည်းများ၏ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများနှင့် သွင်းအားစုများကို ကြိုတင်ဝယ်ယူစုဆောင်းထားရှိရန်၊ စက်ပစ္စည်းကိရိယာများ၊အဆောက်အအုံများကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ မြစ်သားမြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံ(မြစ်သား)ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများပြုပြင်နေမှု၊ချည်မျှင်များထုတ်လုပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့ရှိ ဖိုးပြုံးချိုရက်ကန်းနှင့်ချည်မျှင် အချောကိုင် ထုတ်လုပ်ခြင်းလုပ်ငန်းတွင် စောင်အမျိုးမျိုးရက်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူအားလုံးအကျုံးဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ယခုထက်ပိုမို၍ အားဖြည့်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသော ဒေသန္တရကျန်းမာရေးဌာန(UHC)များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လှိုင်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိ ဒေသန္တရကျန်းမာရေးဌာနများ၌ အဆိုပါဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒေသန္တရကျန်းမာရေးဌာနများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဒေသန္တရကျန်းမာရေးဆေးခန်းများ၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှထောက်ပံ့ပေးထားသည့် ဆေးဝါးများအသုံးပြုမှု၊ကာကွယ်ဆေးထိုးနှံနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကိုစစ်ဆေးကာ ဆေးဝါးများအကျိုးရှိစွာအသုံးပြုစေရေး၊ မိမိတို့ဒေသတွင်းသို့ ပြောင်းရွှေ့လာသည့် ရွှေ့ပြောင်းပြည်သူများ ကျန်းမာရေးအသိပညာမြှင့်တင်နိုင်ရေးနှင့် ဆေးကုသမှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊ သတ်မှတ်နေ့ရက်အလိုက် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများဖြစ်သော ကိုယ်ဝန်ဆောင်များ၊ ကူးစက်ရောဂါနှင့် သက်ဆိုင်သော လူနာများ၊ သွေးတိုး၊ ဆီးချိုစသော မကူးစက်တတ်သော ရောဂါလူနာများ၊ သက်ကြီးပုဂ္ဂိုလ်များ၊ သွားနှင့်ခံတွင်းနှင့်မီးတွင်းမိခင်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ငါးနှစ်အောက်ကလေးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်နှင့်မြို့ပြနှင့်ကျေးလက် ကျန်းမာရေး အဆင့်ကွာဟမှုမရှိစေရေး၊ ဒေသန္တရကျန်းမာရေးဌာန (Urban Health Center-UHC)များကို မြို့ပေါ်၌ဖွင့်လှစ်ထားရှိရာ ပြည်သူအားလုံးအကျုံးဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ယခုထက်ပိုမို၍အားဖြည့်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❍ မိုးသည်းထန်စွာရွာသွန်းခြင်းမှ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊မိုးကြိုးပစ်ခြင်း၊လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၆-၂၀၂၅ ရက်နေ့မှ ၁၆-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**ရှေ့ဖုံးမှအဆက်**

အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီးစီမံကိန်းဧရိယာအတွင်းရှိ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေသွယ်မြောင်းနှင့်ရေထိန်းကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်စီမံကိန်းလုပ်ငန်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ဘီလူးချောင်းပေါ်တွင် ကွန်ကရစ်တမံ(Overflow Type) တည်ဆောက်ပြီး အမှတ်(၁)စက်ရုံမှ ၂၀ ဒသမ ၄ မဂ္ဂါဝပ်နှင့် အမှတ်(၂)စက်ရုံမှ ၁၀ မဂ္ဂါဝပ် စုစုပေါင်း စက်တပ်ဆင်အင်အား ၃၀ ဒသမ ၄ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံ နှစ်ရုံတည်ဆောက်ပြီး နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း အမှတ်(၁)စက်ရုံမှ ၉၀ ဒသမ ၁ သန်းနှင့် အမှတ်(၂)စက်ရုံမှ ၄၄ဒသမ၃ သန်းထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၄၅ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားခဲ့သည့် အင်းလေးဒေသ ကြာတောကျေးရွာ၌ ၁၁ကေဗွီဓာတ်အားလိုင်းများ၊ ဗို့ ၄၀၀ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပြုပြင်ဆောင်ရွက်ရန်ကျန်ရှိနေသည့် ကေလာကျေးရွာနှင့် အုန်းပင်ကျေးရွာတို့၌ ပျက်စီးသွားသည့် ဓာတ်အားလိုင်းများကို ညောင်ရွှေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကျွမ်းကျင်ဝန်ထမ်းများက အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေး၍ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အင်းလေးဖောင်တော်ဦးဘုရားအားဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကာ ပင်မကျောင်းဆောင် ဒေါက်တိုင်များ ပြုပြင်ဆောင်ရွက်နေမှု၊ ဝရန်တာနှင့်အခြားချို့ယွင်းပျက်စီးသွားမှုများကို ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# 2nd Cocom နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်




**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူးများနှင့်အတူ ဇွန် ၁၀ ရက်မှ ၁၃ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပသည့် 2nd Cocom နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၃၃ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပမည့် အားကစားကွင်း၊အားကစားရုံများ၊ ဘောလုံးပြိုင်ပွဲ ဖိုလ်လုပွဲနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကျင်းပမည့် Rajamangala National Stadium ၊ ရေကူးကန်၊ Indoor Stadium Huamark ၊ THAI Cycling Hall of Fame ၊ Archery Field တို့သို့ သွားရောက်လေ့လာခဲ့သည်။

ဇွန် ၁၂ ရက်ကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၃၃ ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဟိုတယ်ခရီးနှင့် အားကစားဝန်ကြီးဖြစ်သူ H. E. Mr. Sorawong Thienthong နှင့်တွေ့ဆုံ၍ မြန်မာအသင်းလာရောက်ယှဉ်ပြိုင်သည့်အခါ အားကစားကွင်း၊အားကစားရုံများ၌ ကြိုတင်ပြင်ဆင်လေ့ကျင့်ခွင့် ပိုမိုထိတွေ့ခွင့်ရရှိစေရေးတို့အတွက် တတ်စွမ်းသမျှကူညီပေးရန်ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ 2nd Cocom နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Dato Seri Chaiyapak Siriwat ၊ ၃၃ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ H.E Mr. Sorawong Thienthong နှင့် ထိုင်းအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌအသစ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ အမျိုးသားကော်မတီဥက္ကဋ္ဌတို့က တက်ရောက်လာသည့် ကောင်စီဝင်များကို တရားဝင်ဖိတ်ကြားလွှာများပေးအပ်ခြင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ကောင်စီအစည်းအဝေး၏လုပ်ငန်းစဉ်များ သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း၊ ၂၀၂၄ ခုနှစ်အစည်းအဝေးမှတ်တမ်းပါကိစ္စရပ်များအပေါ် ဆွေးနွေးရှင်းလင်းအတည်ပြုခြင်း၊ SEAGF ရုံး၏ COO ရာထူးကို CEO အမည်အသစ်အဖြစ် ပြန်လည်ခန့်အပ်ရန် အဆိုပြုချက်ကို သုံးသပ်အတည်ပြုခြင်း၊ SEAGF Honorary Membership များအဖြစ် Dr. Varin Tansuphasiri ၊ Dato'Low Beng Choo နှင့် Mr. CHAN Seng Heng Christopher သုံးဦးတို့ကို ခန့်အပ်ခြင်းနှင့် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ရုံး၏အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပသွားမည့် အားကစားနည်း ၅၀ နှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ၊ အစီရင်ခံစာနှင့် ရုပ်သံလွှင့်ခြင်းဆိုင်ရာ အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်းနှင့် ၂၀၂၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ကျင်းပမည့် ၃၄ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်းတို့ကိုဆောင်ရွက်ခဲ့ကြပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(South East Asia Games)အမည်ကိုသာ ဆက်လက်ခေါ်ဝေါ်သုံးစွဲသွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့်ဆက်နွှယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ






**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးလိမ်လည်မှုများကို အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force)နှင့် ဘဏ်များပူးပေါင်း၍ အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ် ပုသိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးလိမ်လည်မှုများ အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊အဖွဲ့ဝင်ဌာနများဖြစ်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မှုခင်းရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဌာနတို့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို အပိုင်း သုံးပိုင်းဖြင့် ကျင်းပဆောင်ရွက်ခဲ့ပြီး ပထမပိုင်းအစီအစဉ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုဖြစ်စဉ်များ၊ ငွေကြေးခဝါချမှုနှင့် အကြွမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆက်နွှယ်မှုများကို အများပြည်သူများသိရှိနားလည်နိုင်စေရန်၊ သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများက ထိရောက်သည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာများချမှတ်နိုင်စေရန်၊ Stakeholder များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်များဖလှယ်ရာတွင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်စေရန်နှင့် လက်တွေ့တွင် ကြုံတွေ့နေရသည့်မှုခင်းဖြစ်စဉ်များကိုအခြေခံ၍ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများတွင်AML/CFTဆိုင်ရာ ကိစ္စရပ်များ၌ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို ဆွေးနွေးအဖြေရှာနိုင်စေရန် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

အွန်လိုင်းမှတစ်ဆင့်ငွေကြေးလိမ်လည်မှုများတွင် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြားခံအဖြစ်အသုံးပြုခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဗဟိုဘဏ်အနေဖြင့် AML/CFT ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အားကောင်းခိုင်မာလာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် စည်းမျဉ်းစည်းကမ်းများ အားကောင်းခိုင်မာရုံဖြင့် မလုံလောက်ဘဲ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့်လည်း ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြု (Fraud Detection) အတွက် AML/CFT Compliance Framework များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ မှုခင်းရဲတပ်ဖွဲ့က အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့်သက်ဆိုင်သည့်မှုခင်းဖြစ်စဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယပိုင်းအစီအစဉ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ငွေကြေးလိမ်လည်မှုများကို အချိန်မီတားဆီးရေးနှင့်အရေးယူမှုမြန်ဆန်ရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်မှုအခြေအနေများကိုပြောကြားပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့်ဆက်နွှယ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်မှ ဦးဇော်လင်းထွဋ်၊ ရိုးမဘဏ်မှ ဦးကျော်စိုးလင်း၊ကမ္ဘောဇဘဏ်မှ ဦးစိုးကိုကို၊ AYA Bank PCL မှ ဦးမင်းဝင့်ဦး၊ ယူအေဘီဘဏ်မှဒေါ်ယဉ်မင်းအေးတို့က အပြန်အလှန်စကားဝိုင်းဖြင့် ဆွေးနွေးခြင်း၊ တက်ရောက်လာသည့် ဧည့်သည်တော်များ၏ မေးခွန်းများကိုပြန်လည်ဖြေကြားခြင်းတို့ဆောင်ရွက်ကြသည်။

ဆက်လက်၍ တတိယပိုင်းအနေဖြင့် AYA Bank PCL မှ ဦးမြတ်မင်းထင်ကျော်က အွန်လိုင်း ငွေကြေးလိမ်လည်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးတွင် AIနည်းပညာ၏အခန်းကဏ္ဍကို ဖော်ထုတ်ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ရွှေဝါက အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရတနာပုဏ္ဏာဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၄**

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်နှင့် သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူသော ရတနာပုဏ္ဏာဝရဒါဠာ ဓာတုစေတီယစွယ်တော်မြတ်စေတီတော် (မန္တလေး)၌ ကျင်းပသည်။




အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးကြီးကြပ်မှုစောင့်ရှောက်ရေးအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ သတ်မှတ်နေရာတွင် အရိပ်ရအပင်ကို စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် အတူတကွ စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာကြသူများ အရိပ်ရပင်များ တပျော်တပါး စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် မဟော်ဂနီ၊ ပိတောက်၊ တပေဘူတ(အပြာ)၊ ငုရွှေဝါ၊ ကံ့ကော်၊ စိန်ပန်းနီ၊ ခရေ၊ စိန်ပန်းပြာ၊ မည်စည်၊ သဘော်တည်၊ ရင်းမာ၊ တမာ၊ တပေဘူတ၊ လင်းလွန်း၊ ပျဉ်းကတိုးစသည့် သစ်မျိုး ၁၅ မျိုး စုစုပေါင်း အပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပဥ္စမအကြိမ်မြောက် ဆိုချီကမ္ဘာ့ဇီဝလုံခြုံမှုညီလာခံသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပဥ္စမအကြိမ်မြောက် ဆိုချီကမ္ဘာ့ဇီဝလုံခြုံမှုညီလာခံ အကြီးအကဲတို့၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ ဆိုချီမြို့၌ ရောက်ရှိနေသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက ဆိုချီမြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့်ညီလာခံ၏ အစီအစဉ်များသို့ အခြားသောနိုင်ငံများမှ BWC ဆိုင်ရာ တာဝန်ရှိသူများနှင့် အတူတက်ရောက်ခဲ့သည်။

Mayakovsky ခန်းမ၌ ကျင်းပသည့် ဆွေးနွေးပွဲ Session No. 1 တွင် မော်စကိုအခြေစိုက် အဖွဲ့အစည်းဖြစ်သော ဥပဒေ၊ စည်းကမ်းနှင့် ကျင့်ဝတ်သိက္ခာဆိုင်ရာစနစ်များ (Compliance and Integrity Systems- CIS)၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာအထွေထွေ ပြဿနာများဌာန (Department of Humanitarian Cooperation, General Political and Social Problems) ၏ အကြံပေးပုဂ္ဂိုလ် Ms. Elena Shamal က ဆွေးနွေးပွဲညှိနှိုင်းကွပ်ကဲသူအဖြစ် ဆောင်ရွက်ကာ ရုရှားဦးဆောင်သော စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့အစည်း (Collective Security Treaty Organization–CSTO)၊ မော်စကိုအခြေစိုက် လိုက်နာမှုနှင့် ကျင့်ဝတ်သိက္ခာပြည့်ဝမှုစနစ်များ (Compliance and Integrity Systems–CIS)အဖွဲ့၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(The Shanghai Cooperation Organization–SCO)၊ အာဆီယံ (ASEAN) နှင့် အာဖရိကသမဂ္ဂ (African Union)တို့၏ ဇီဝလုံခြုံမှုလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်မှုများခေါင်းစဉ်ဖြင့် ကမ္ဘာ့အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဇီဝလုံခြုံမှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့သည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးသည် အဆိုပါဟိုတယ်ညီလာခံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Sergey Ryabkov က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ်နှင့် ဗထူးတပ်မြို့တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၂၀ တို့၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုင် သကျဓီတာ သီလရှင်စာသင်တိုက်၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ်ရှိ မဟာရတနာမဇ္ဈူတိလောကမာရ်အောင် အောင်မြေရွှေဘုံမြတ်စွာဘုရား၌ သာသနိကအဆောက်အအုံ အပျက်အစီးများနှင့် ဘုရားစေတီအပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုင်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ သကျဓီတာ သီလရှင်စာသင်တိုက်၊ သမ္ဗုဏ္ဏာရာမကျောင်းတိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းဆောင်များကို လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအတွက် တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများပေးဝေနိုင်ရေးနှင့် ပြည်သူများသောက်သုံးရေ ပြည့်ပြည့်ဝဝ ဖြန့်ဝေနိုင်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်ပေးကာ ဖယ်ရှားရှင်းလင်းပြီးသော သာသနိက အဆောက်အအုံများနှင့် ကျောင်းဆောင် အဆောက်အအုံများ ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်အားပေးဆောင်ရွက်နေသူများကို အချိုရည်များ ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စဉ့်ကိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၊ ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနေရာများသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပမည့် စာစစ်ဌာနများကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲစာဖြေဌာနများ စာမေးပွဲဖြေဆိုရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စာမေးပွဲကြီးကြပ်ရေးရုံးများတွင် မေးခွန်း၊ အဖြေလွှာစသည့် စာရွက်စာတမ်းများအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရေး၊ ကျောင်းသား၊ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်စေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ စီစဉ်ဆောင်ရွက်ထားရှိပေးနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း ကျောင်းသား၊ကျောင်းသူများ အချိန်မီသွားလာနိုင်ရန် တာဝန်ရှိသူများက တတ်နိုင်သည့် နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ကျောက်ဆည်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ၂၀၂၅ ပညာသင်နှစ်အတွက် ပြန်လည်ဖြေဆိုမည့် Grade-12 ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားစဉ်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ မဟာရတနာမဇ္ဈူ တိလောကမာရ်အောင် အောင်မြေရွှေဘုံမြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံ အပျက်အစီးများနှင့် ဘုရားစေတီ အပျက်အစီးများအား တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက်ရှင်းလင်းဖယ်ရှားနေမှုများ၊ စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများ၊ ပြန်လည်တူးဖော်ရရှိသော ဌာပနာပစ္စည်းများအား စနစ်တကျထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာန၌ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၁၄ ရက်ထိ သေဆုံးသူ ၃၇၆၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၄ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၁ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန် ၁၃ ရက် ညနေ ၅ နာရီမှ ဇွန် ၁၄ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စင်ကာပူနိုင်ငံ Lotus Light Charity Society က လှူဒါန်းသည့် အသင့်စားခေါက်ဆွဲခြောက်၊ Buddha Dhamma Mandala Society နှင့် Love and Care Charity Group တို့ကလှူဒါန်းသည့် Sleeping Bag နှင့် ယာယီမိုးကာတဲ အလေးချိန် သုည ဒသမ ၁၅၂ တန် ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့သည့်ပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရောဝတီတိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)သို့ တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို သွားရောက်တွေ့ဆုံအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၄**

ရောဝတီတိုင်း ဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့တက်ရောက်မည့်ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအားတွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် ပုသိမ်တပ်နယ် အားကစားခန်းမ၌ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ချီးမြှင့်ပေးအပ်

**နေပြည်တော် ဇွန် ၁၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ချီးမြှင့်ပေးအပ်စဉ်။

အလားတူ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Thu” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ ကျော်သူဌေးအား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဗိုလ်ကုန် နှစ်ဆ တိုးမြှင့်ကြ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဇွန် ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိသံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာရှိ စာသင်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၁၂၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ် မှ ၂၅ နှစ်ဟူ၍ အသက်အရွယ်အပိုင်းအခြား သုံးခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy နှစ်စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myat-thujack@gmail.comသို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင် ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | JPG A3 (297 x 420 mm) with the correct aspect ratio၊ |
| (၂) | Resolution | 300 dpi၊ |
| (၃) | File Size | 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပိုစတာရေးဆွဲရာတွင် tabletများ၊stylusများ၊ကွန်ပျူတာပရိုဂရမ်များအသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy နှစ်စုံနှင့် Soft Copy CD တစ်ချပ်ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင်အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင် ညွှန်ကြားရေးမှူး အနုပညာဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | File Submission Format | JPG၊ A3 (297x420 mm) with correct aspect ratio၊ |
| (၂) | Resolution | 300 dpi၊ |
| (၃) | File Size | 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Charcoal၊ Ink၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD)နှစ်ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mailဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mmတို့တွင် အခမဲ့Downloadရယူနိုင်ပြီး ဒေါ်ခင်မိုးဥ ညွှန်ကြာရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | mp4 ၊ |
| (၂) | Resolution | 3840 x 2160 p ထက် မပိုစေရ၊ |
| (၃) | File Size | 300 Mb ထက် မပိုစေရ၊ |
| (၄) | Duration | 120 Seconds ထက် မပိုစေရ၊ |
| (၅) | Sound | 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်၊ရှင်းလင်းချက်စာသား(ပိုစတာများနှင့်ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ(ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များ)နှင့် နိုင်ငံ စသည့် အချက်အလက်များပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့်ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာ၊ ပန်းချီနှင့်ဗီဒီယို ၁၀ ခုစီကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဓာတ်ပွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်များကို မှန်ကန်စွာဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI)နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❑ **ဖမ်းဆီးရမိမှု**

ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုညဒသမ ၄၇၈ တန်၊ အခြားသစ် ၁ ဒသမ ၄၉၀ တန်၊ မီးသွေး ၉ ဒသမ ၆ တန်၊ သစ်ပုတ်မျော၄၅လုံးနှင့် လက်တွန်းထွန်စက်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၇၂၇၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ် - ရွှာငံလမ်းဆင်ခေါင်းတောင်အနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၂၄၄၂၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Hinthar Truck တစ်စီး၊ Nissan Diesel Truck တစ်စင်း၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၂၄၄၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇွန် ၁၂ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း













တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၃၅၀၀ ကိုလည်းကောင်း၊ ပဲခူးမြို့ရှောင်လမ်း၊ Brother ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၆၈၅၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi FusoTractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀၀ ကိုလည်းကောင်း၊ ညောင်ခါးရှည် X- Ray စစ်ဆေးရေးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၈၇၂၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ရန်ကုန် - မန္တလေး လမ်းဟောင်း အင်းတကော်မြို့ ဆယ်မိုင်ကုန်း ရွှေဆည်သူစားသောက်ဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၆၁၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၇၉၁၉၄၄ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Sein Min Thar ရေယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၇၀၃၇၂၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၈၃၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၈၉၁၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ နောင်နွန်းစစ်ဆေးရေးဂိတ်အနီး မိုင်းဇင်းကျေးရွာ ရှောင်ကွင်းလမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ၁၁ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၆၇ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၃၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၂၈၇၆၃၆ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
- (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
- (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
- (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့် ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

☆ **ကျောဖုံးမှအဆက်**

ပွဲချိန် ၂၄ မိနစ်တွင် ထက်လင်းအောင်၊ ပွဲချိန် မိနစ် ၈၀ တွင် စိုးသက်မောင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် မျိုးဇော်ဦး၊ ပွဲချိန် ၅၁ မိနစ်တွင် ဟိန်းဇေယျာမင်းတို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရှေ့ာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှောဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှောဝတီယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် ရန်နိုင်လင်းက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက သုဝဏ္ဏအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ STA

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကလေးနှင့် စာပေ ရင်းနှီးကျွမ်းဝင်ပါစေ

မောင်လှသား(ဝမ်းတွင်း)

တစ်နေ့က အွန်လိုင်းပေါ်တွင် မိဘတစ်ဦးသည် ဖုန်းကို အချိန်ပြည့်ကြည့်နေသော သူ့သားငယ်ဖြစ်သူကို စာပေများဖတ်၍ စာပေဘက်တွင် မွေ့လျော်လာစေရန် မည်သို့ လုပ်ဆောင်ရမည်ကို မေးမြန်းထားသော စာကိုဖတ်မိသည်။ ကျွန်တော်တို့ပတ်ဝန်းကျင်တွင်လည်း အလားတူအဖြစ်မျိုးကို မိဘတိုင်းလိုလို ကြုံတွေ့ခံစားနေကြရသည်။ သားသမီးဖြစ်သူများ ငိုသည့်အခါတိုင်း နားအေးလျှင်ပြီးရောဟုဆိုကာ အချိန်တိုင်းလိုလို ဖုန်းပေးထားသော မိဘများရှိသကဲ့သို့ သားသမီးဖြစ်သူငိုယို၍ ဖုန်းပေးကိုင်စေသော်လည်း သားသမီးများ ဖုန်းဖြင့် အချိန်မကုန်စေရန် မည်သို့လုပ်ဆောင်ရမည်ကို မသိရှိကြသော မိဘများလည်းရှိကြသည်။

မိဘများသည် သားသမီးများ၏ လက်ဦးဆရာများဖြစ်သည့်အလျောက် မိမိတို့သားသမီးများ၏ အနာဂတ်ဘဝကို အကောင်းမွန်ဆုံးဖြစ်အောင် ပုံဖော်ကြရမည်။ နားအေးလျှင်ပြီးရောဟုဆိုသော တဒင်္ဂစိတ်ချမ်းသာမှုကို ဦးစားမပေးသင့်ပေ။ သားသမီးများ၏ဘဝကို ပုံဖော်ပေးရာတွင် အတန်းပညာတစ်ခုတည်းနှင့်လည်း ပြည့်စုံလုံလောက်မည်မဟုတ်ပေ။ အတန်းပညာသည် ကန့်သတ်ထားသောပညာဖြစ်သည်။ အကန့်အသတ်မရှိသော ပညာကိုမူ စာအုပ်စာပေဖတ်မှတ်လေ့လာခြင်းဖြင့် သိရှိနိုင်ကြောင်းကို မိဘများသတိမူသင့်သည်။

အလိမ္မာစာမှာရှိသည် ဟူသောဆိုရိုးစကားအတိုင်း မိဘများသည် မိမိတို့၏သားသမီးများကို ပြုစုပျိုးထောင်ရာ၌ စာအုပ်စာပေများနှင့် ကင်းကွာ၍ မရပေ။ စာပေသည် အရေးကြီးသောအခန်းတွင် ပါဝင်သည်။ အချို့သောမိဘများကမူ စာဖတ်ခြင်းကို အလကားအလုပ်၊ အချိန်ဖြုန်းသောအလုပ်ဟု ထင်မြင်ယူဆကြသည်။ အချို့သောမိဘများကလည်း စာဖတ်ချိန်မရဘူးဟုဆိုကာ စာပေဖတ်မှတ်ခြင်းကို အချိန်ရမှဖတ်ရသည်ဟု ထင်မြင်ယူဆကြသည်။ ထိုကဲ့သို့ စာဖတ်ခြင်းကို ပေါ့ပေါ့တန်တန်သဘောထားကာ ထင်မြင်မယူဆသင့်ပေ။ စာပေဖတ်မှတ်၍ စာပေမှရရှိသောပညာများကို အသုံးပြုကာ ဘဝအောင်မြင်မှု ရရှိကြသူများစွာရှိသည်။ သာဓကဆောင်ရပါလျှင်မူ စာဖတ်သူများသိရှိကြပြီးသော ထွန်တုံးပေါ်မှနန်းတော်အတွင်းသို့ ရောက်ရှိသွားသူ စာတိုင်ညိုသည် တွေ့သမျှ စာတိုပေစများကို ဖတ်မှတ်ခဲ့သော အကျိုးကျေးဇူးကြောင့် မင်းကြီးစွာစော်ကဲမှစ၍ အင်းဝထီးနန်းတွင် မင်းသုံးဆက်တိုင်တိုင် ပညာရှိအမတ်ကြီး စည်းတပြစ်၊ ဖိုးရာဇာ၊ ဝန်ဇင်းမင်းရာဇာအမည်များဖြင့် ထင်ရှားကျော်ကြားခဲ့သည်။ ထိုကဲ့သို့ပင် ကမ္ဘာကျော်ပုဂ္ဂိုလ်များထဲတွင် စာဖတ်သူများသိရှိကြသော အေဗရာဟမ်လင်ကွန်းသည် သူဖတ်မှတ်လေ့လာခဲ့သောများစွာသောစာပေများ၏ အကျိုးကျေးဇူးများကြောင့် ဆင်းရဲသောဘဝမှ အမေရိကန်နိုင်ငံ၏ ပြည်သူ၊ ပြည်သားများသာမက ကမ္ဘာတစ်ဝန်းမှ လူအများကပါ လေးစားအားကျ အတုယူရသော သမ္မတကြီးဖြစ်လာခဲ့သည်။ ထို့ကြောင့် မိဘများကိုယ်တိုင်က စာဖတ်ခြင်းကို ပေါ့ပေါ့တန်တန် သဘောမထားသင့်ပေ။ စာဖတ်ခြင်းကို အလေးအနက်ထား၍ လုပ်ဆောင်ပေးရန် အထူးလိုအပ်သည်။

**ပုံပြင်များပြောပြခြင်း**

လက်ကိုင်ဖုန်းများဖြင့် အချိန်ကုန်နေသော မိမိတို့၏သားသမီးများကို ပုံပြင်များပြောပြ၍ မိမိတို့၏သားသမီးများ စာပေများဖတ်မှတ်သော အကျင့်များရရှိလာစေရန် ဆွဲဆောင်ကြရမည်။ ကလေးသူငယ်တိုင်း ပုံပြင်များကို ကြိုက်နှစ်သက်ကြသည်။ ပုံပြင်များသည် သားသမီးများကို ယဉ်ကျေးလိမ္မာစေရန်သာမက သားသမီးများ၏ စိတ်နေစိတ်ထားများကိုပြုပြင်ရန် မိဘများအလိုရှိသည့်အတိုင်း ကိုက်ညီသော ပုံပြင်များ ရွေးချယ်ပြောပြခြင်းဖြင့်လည်း ပြောဆိုဆုံးမနိုင်ပါသည်။ ထို့ပြင် ပုံပြင်ပြောဆိုရာတွင်လည်း အသံနေအသံထားသည်လည်း များစွာအရေးပါသည်ကို သတိမူသင့်သည်။ "ဟိုးရှေးရှေးတုန်းက" ဟူသော အသံနေအသံထားမှန်သည့် ပုံပြင်၏ အစချီသံကိုကြားရသည်နှင့် ကလေးများ၏ စိတ်အာရုံသည် ပုံပြင်ထဲသို့ စီးမျောလိုက်ပါလာလေ့ရှိကြသည်။ ထို့ကြောင့် အားလပ်သည့်အချိန်များ သို့မဟုတ် ညအိပ်ရာဝင်ချိန်များတွင် မိမိတို့၏ သားသမီးများကို သူတို့စိတ်ဝင်စားသော ပုံပြင်လေးများပြောပြခြင်းဖြင့် စာပေများနှင့် ရင်းနှီးလာစေရန် အစပြုပေးကြရမည်။

> ❖လက်ကိုင်ဖုန်းများဖြင့် အချိန်ကုန်နေသော မိမိတို့၏ သားသမီးများကို ပုံပြင်များပြောပြ၍ မိမိတို့၏သားသမီးများ စာပေများဖတ်မှတ်သော အကျင့်များရရှိလာစေရန် ဆွဲဆောင်ကြရမည်။ ကလေးသူငယ်တိုင်း ပုံပြင်များကို ကြိုက်နှစ်သက်ကြသည်။ ပုံပြင်များသည် သားသမီးများကို ယဉ်ကျေးလိမ္မာစေရန်သာမက သားသမီးများ၏ စိတ်နေစိတ်ထားများကိုပြုပြင်ရန် မိဘများအလိုရှိသည့်အတိုင်း ကိုက်ညီသော ပုံပြင်များ ရွေးချယ်ပြောပြခြင်းဖြင့်လည်း ပြောဆိုဆုံးမနိုင်ပါသည်။ ❖

**ကာတွန်းဇာတ်လမ်းနှင့် ပုံပြင်**

အချို့သောမိဘများက မိမိတို့၏ သားသမီးများကို အိပ်ရာဝင်ချိန်တိုင်းလိုလို လက်ကိုင်ဖုန်းများပေးကိုင်ကာ ကာတွန်းဇာတ်ကားများ ကြည့်စေသည်။ ကာတွန်းစာအုပ်များ ဖတ်ပြကြသည်။ ထိုသို့ ကာတွန်းဇာတ်လမ်းများကြည့်စေခြင်း၊ ဖတ်ပြခြင်းများသည် မှားသည်ဟုမဆိုသာသော်လည်း မိမိတို့သားသမီးများ၏ အသက်အရွယ်နှင့်ကိုက်ညီသည့် ရည်ရွယ်ချက်ကောင်းမွန်သော ဇာတ်လမ်းများဖြစ်ရန် အထူးလိုအပ်သည်။

ကာတွန်းဇာတ်လမ်းများနှင့် ပုံပြင်များတွင် ကလေးများ၏မှတ်နိုင်စွမ်းအားကို နှိုင်းယှဉ်ကြည့်လျှင် ကာတွန်းဇာတ်လမ်းထက် ပုံပြင်များကို ကလေးများက ပို၍မှတ်မိကြသည်ဟု သုတေသီများက မှတ်ချက်ပြုကြသည်။ ပုံပြင်ထဲတွင် "တစ်ခါတုန်းက ဘုရင်ကြီးတစ်ပါး" ဟုဆိုလျှင် ကလေးများ၏စိတ်အာရုံထဲတွင် ထိုဘုရင်ကြီးကို ပုံဖော်ကြည့်ပြီးသားဖြစ်သည်။ စိတ်ကူးဖြင့်ပုံဖော်ခြင်းသည် မျက်စိဖြင့်ကြည့်ရသည်ထက် ပို၍ ဦးနှောက်ကိုအလုပ်ပေးသည်ဟု ဆိုရမည်ဖြစ်သည်။

**ဆွေးနွေးခြင်းမှ စာဖတ်ခြင်းသို့**

ထိုကဲ့သို့ ပုံပြင်များ ပြောပြခြင်း၊ ဖတ်ပြခြင်းများပြုလုပ်ပြီးတိုင်း ပြီးပြီးရောမနေသင့်ပါ။ ကလေးများကို ပုံပြင်ထဲတွင်ပါဝင်သော အကြောင်းအရာများနှင့်ပတ်သက်သည့် မေးခွန်းများမေးမြန်း၍ ဆွေးနွေးမှုများ ပြုလုပ်သင့်သည်။ အတုယူသင့်သည်များကို အတုယူတတ်ရန်၊ လိမ္မာသောဇာတ်ကောင်နှင့် မလိမ္မာသောဇာတ်ကောင်ကိုခွဲခြားသိရန် ဆွေးနွေးပြောဆိုခြင်းများ ပြုလုပ်ကြရမည်။ ထို့ပြင် ပုံပြင်များပြောပြ၊ ဖတ်ပြရာ၌ "ဒီပုံပြင်လေးကို မေမေကတော့ ဘယ်စာအုပ်ထဲကဖတ်ထားတာ။ အဲဒီစာအုပ်ထဲမှာ အခု သားသားကိုပြောပြတဲ့ပုံပြင်လို ပုံပြင်ကောင်းတွေ အများကြီးရှိတယ်။ သားသားဖတ်ကြည့်ပါလား" ဟုဆိုကာ မိမိတို့၏သားသမီးများကို အစတွင် ပုံပြင်စာအုပ်ကလေးများ ဖတ်ကြည့်ရန် ဆွဲဆောင်ကြရမည်။ ထိုမှတစ်ဆင့် စာဖတ်ခြင်းကို ပျိုးထောင်ပေးကြရမည်။

သည်နေရာတွင် မိဘဖြစ်သူများက စာမဖတ်ဘဲ သားသမီးများကိုသာ စာဖတ်ရန် ဖွတ်အတင်း တိုက်တွန်းနေ၍ မရပေ။ လူကြီးမိဘဖြစ်သူများကလည်း စာဖတ်ရန် အထူးလိုအပ်သည်။ "ငါပြောသလိုလုပ် ငါလုပ်သလို မလုပ်နဲ့" ဟူသော ပုံစံမျိုးဖြစ်လျှင် မိမိတို့သားသမီးများ၏ဘဝကို အကောင်းမွန်ဆုံးဖြစ်အောင် ပြုစုပျိုးထောင်နိုင်မည်မဟုတ်ပေ။ လူကြီးမိဘများကိုယ်တိုင်လည်း စာပေဖတ်မှတ်ရန် လိုအပ်သကဲ့သို့ စာပေဖတ်မှတ်လျှင်လည်း သားသမီးများ၏အနားတွင် ဖတ်မှတ်ရန် အထူးလိုအပ်သည်။ သို့မှသာ အတုမြင်အတတ်သင် ဟူသည့်အတိုင်း သားသမီးများလည်း မိဘများကဲ့သို့ စာအုပ်ကိုင်၍ စာဖတ်လာမည်ဖြစ်သည်။ ထို့ပြင် မိမိတို့သားသမီးဖြစ်သူများ စာဖတ်နေလျှင်လည်း ၎င်းတို့မသိသည်များကို မေးမြန်းလာလျှင် ပြောဆိုထောက်ပြနိုင်ရန် သားသမီးများ၏အနီးအနားတွင် လူကြီးမိဘများရှိနေရန် အရေးကြီးသည်။ အနီးအနားတွင် မေးမြန်းစရာ လူကြီးမိဘများမရှိလျှင် သားသမီးများသည် ထိုစာကိုဆက်ဖတ်တော့မည်မဟုတ်ပေ။

ထို့ပြင် သားသမီးများ၏အသက်အရွယ်ကိုလိုက်၍ ၎င်းတို့နှင့်လိုက်ဖက်သောစာအုပ်များကို ရွေးချယ်ပေးရန်လည်း အထူးလိုအပ်သည်။ စာဖတ်တတ်ခါစကလေးကို ရုပ်ပြပုံများနှင့် စာနည်းနည်းသာပါသော စာအုပ်စာစောင်များကို ရွေးချယ်၍ ဖတ်စေသင့်သည်။ စာကောင်းကောင်းဖတ်တတ်သောကလေးကို ရည်ရွယ်ချက်ကောင်းသော ပုံပြင်များ၊ ကလေးကဗျာများကို ရွေးချယ်၍ ဖတ်စေသင့်သည်။ ထို့ပြင် မိမိတို့၏ သားသမီးများ စာအုပ်စာပေများတွင် မွေ့လျော်လာစေရန် သားသမီး များအတွက် သူတို့၏ ကိုယ်ပိုင်စာအုပ်စင်များ ထားရှိပေးကြရမည်။ သူတို့ကြိုက်သော စာအုပ်များကို ထားရှိပေးကြရမည်။ ထို့အတူ လူကြီးမိဘများက စာကြည့်တိုက်များ၊ စာအုပ်ဆိုင်များသို့သွားလျှင် မိမိတို့၏သားသမီးများကို ခေါ်သွားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် များစွာသောစာအုပ်များကို မြင်တွေ့ပါများလျှင် သားသမီးဖြစ်သူများက စာအုပ်စာပေများကို စိတ်ပါဝင်စားလာမည်ဖြစ်သည်။ထို့ပြင် သားသမီးများ အသက်အရွယ်ရလာသောအခါတွင်လည်း လူကြီးမိဘများက မိမိတို့ဖတ်မှတ်ထားသော အကြောင်းအရာများကို အလျဉ်းသင့်သည့်အချိန်တိုင်းပြောပြ၍ သားသမီးများကို စာဖတ်ချင်စိတ်ပြင်းပြလာစေရန် လှုံ့ဆော်ပေးကြရမည်။

ထိုသို့ဖြင့် သားသမီးများ ယဉ်ကျေးလိမ္မာလာစေရန်၊ သူတော်ကောင်းနှင့် သူယုတ်မာခွဲခြားသိမြင်တတ်လာစေရန်၊ မကောင်းသောအရာများ ရှောင်ရှား၍ ကောင်းသောအရာများကိုသာ လုပ်ဆောင်လာစေရန် စာအုပ်စာပေများဖြင့် အကောင်းဆုံးပြုစုပျိုးထောင်ကြရမည်။ "စာဖတ်သောသူတိုင်း မအောင်မြင်သော်လည်း အောင်မြင်သောသူတိုင်းစာပေနှင့် မကင်းကွာကြကြောင်းကို မိဘများသတိမူသင့်ပါသည်။ ထို့ကြောင့် မိမိတို့သားသမီးများ၏အနာဂတ်ဘဝပိုမိုတောက်ပလာစေရန် စာပေနှင့်ရင်းနှီးကျွမ်းဝင်ကာ စာအုပ်စာပေများဖြင့် အကောင်းဆုံး ပြုစုပျိုးထောင်နိုင်ကြပါစေဟု ရေးသားလိုက်ပါသည်။


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

ဝတ္ထုတိုကဏ္ဍ

# ထို့ကြောင့် ဤအရာကို

မောင်ခြိမ့်



(၁)

မရွာဘဲ မမည်းလိုက်ပါနှင့် မိုးနတ်မောင်
ပိန်းပိတ်လို့မှောင်။
ရွာမယောင် ဟန်ဆောင်နှင့်သူမြူး။
ရွှေမိုးညို မြောက်ကိုတိမ်းတယ်
ခြိမ်းသင့်ပါဘူး။

"ရှေးရေးတြိချိုး"

"မရွာလိုက်ပါနဲ့အုံး မိုးမင်းကြီးရေ ကျုပ်တို့ပြန်ရောက်တော့မှ ကြိုက်သလောက်ရွာချပါဗျို့"

ကိုညိုက ကောင်းကင်ကို မော်ကြည့်ပြီး အုန်းခနဲလှော်တက်ကို ရေတွင် နက်နက်နှစ်၍ လှော်လိုက်ရင်း အော်ပြောလိုက်၏။

သူတို့လှေကလေး အိမ်ဆိပ်ကမ်းပါးက ခွာထွက်လာစဉ်မှာတော့ မိုးက မရွာသေး။ သို့သော် ကောင်းကင်တစ်ပြင်လုံးတွင် တိမ်မည်းညို ကိုလူဆိုးတွေက တပ်တောင်တာ ဗိုလ်ထုနှင့် လူစုပြီးအုံ့ဆိုင်းညို့မှိုင်းကာ ဂျိုးတဂျိမ့်ဂျိမ့်ခြိမ်းသံပေး၍ ဟန်ရေးပြင်နေကြပြီ။

မိုးဦးလေဦးတို့ထုံးစံ တောင်လေက တဖြူးဖြူးတိုက်ခတ် လှုံ့ဆော်မှုကြောင့် နွေနှောင်းလက်ကျန် ရွှေအိုရောင်တချို့ မွဲပြာပြာတစ်သွယ် ကောက်ရိုးခြောက် ရောင်တစ်မျိုး ရွက်ဝါအိုတို့က တဖွဲဖွဲတသဲသဲ ချောင်းကလေးအတွင်း သက်ဆင်းကြွေကျကာ ရေပြင်ပေါ် မှာ ကခုန်ပျော်ပါးလျက်ရှိ၏။

ပျဉ်းမတွေ သုံးခါပွင့်ပြီဆိုလျှင် ကြိမ်းသေမိုးကျပြီဟု ဘကြီးတောကျော်တို့လို လူကြီးပိုင်းရှေးမီ၊ နောက်မီတွေရဲ့ ပြောစကားအရ ဆိုလျှင်တော့ မကြာခင် မိုးကြီးဖြိုင်ဖြိုင် ကျလေတော့မည်မှာ ဧကန်ဖြစ်၏။

ဟော ဟိုမြစ်ကမ်းစပ်မှာ ပင်ချင်းယှက်၊ ကိုင်းချင်းဆက်ကာ ပေါက်နေကြသော စစ်ပင်ကြီးတွေမှာတောင် ရွက်နုတွေ မြစိမ်းရောင်ပြေးနေသည်မှာ ဘယ်မှာ ကျီးတစ်ခို ကတော့လို့လဲ၊ စစ်ပင်စိမ်းစို ကျီးတစ်ခိုစာရှိလျှင် မိုးကျပြီဟု ဆိုစကားလည်းရှိမဟုတ်လား။

ကော့ကော့လန်လန် သစ်ရွက်ခြောက်တွေကတော့ ပင်အိုကိုင်းထက်က ကြွေကျသက်ဆင်း ရေပြင်မှာ နင်းရလင့်ကစား တရားမရနိုင်ကြသေး၊ တောင်လေတဖြူးဖြူး လှိုင်းကြက်ခွပ်တမြူးမြူးမှာ ကူးလူးပျော်ပါး လေနှင်ရာလွင့်ပါနေဆဲပါ။

ချောင်းကလေး၏ ကမ်းနှစ်ဖက်မှာရှိသော လမုပင်၊ ဓနုန်းပင်၊ သံဒတ်ပင်၊ မိုးမခပင်၊ ကျူပင်၊ ကိုင်းပင်တို့သည် လေယူရာယိမ်းနွဲ့ မိုးမင်းကြီး ရွာပါလှည့်ဟု လက်ယပ် ခေါ်နေသယောင်ရှိ၏။

"မြန်မြန်ကလေး တက်သုတ်နှင်လိုက်ပါဟေ့"

လှေဦးက ကိုတင်အုံးက ပြောလည်းပြော ကြုံး၍ လည်းလှော်လေ၏။ ချောင်းရေတွေ တရိပ်ရိပ်တက်လာသဖြင့် ကမ်းနှစ်ဖက်ရှိ သောင်ခုံများကို မမြင်ရတော့ပြီ။

ပိန်ညင်းငှက်တစ်ကောင်က ကမ်းစပ်ရှိ လမုပင်၏ ကိုင်းခြောက်ကလေးပေါ်မှာနားရင်း တက်ရေနှင့်အတူ မြူးထူး ခုန်ပျံတက်လာမည့် ငါးကလေးတွေကို စိတ်ရှည်ရှည်နှင့် စောင့်လျက်ရှိသည်။

"တောက် လေးခွပါမလာတာ နာသကွာ"

ကိုညိုက ရေရွတ်၏။

"မင်းကလည်းကွာ အလုပ်ဆိုတာ တစ်ခုပြီးမှ တစ်ခုလုပ်တာ ကောင်းပါတယ်ကွ။ အခု တို့သွားလုပ်မယ့်ဟာပဲ အရင်သွားရအောင် မြန်မြန်လှော်ကွာ"

"ဟော့ကောင်ရဲ့ ပိန်ညင်းငှက်သား ဘယ်လောက်ကောင်းတယ်ဆိုတာ ဆရာလေးကို ကျွေးချင်လို့ပါကွာ"

ပြောပြောဆိုဆိုနှင့် လှော်တက်ကို ရေပြင်ပေါ် ဖျန်းခနဲ ရိုက်လိုက်လေရာ ပိန်ညင်းငှက်ကလေး လန့်ဖျပ်သွားကာ စူးစူးရှရှတစ်ချက်အော်၍ ချောင်းကလေးအတွင်းဘက် အခြားလမုပင်တစ်ပင်၏ ကိုင်းခြောက်တွင် သွားနား၏။

"ဟုတ်တယ် ဆရာလေးရဲ့၊ ငှက်တွေထဲမှာ ကျွန်တော် အကြိုက်ဆုံးက ချိုးသား၊ ဗျိုင်းသားနဲ့ ပိန်ညင်းငှက်သားပဲဗျ"

လှေလယ်တွင် ထိုင်လိုက်လာသော ဆရာလေးကတော့ ငှက်ကလက်တစ်ဆုပ် လောက်သာရှိပြီး ခိုပြာသွေးရောင်တောက်တောက် ရှည်လျားကြီးမားသော နှုတ်သီးနီနီရဲရဲ၊ မျက်လုံးမျက်ဆံကလေးဝိုင်းဝိုင်းနှင့် အလွန်လှသော ပိန်ညင်းငှက်ကလေးကို ကြည့်ကာ သူ့အသားကို စားဖို့ထက် အလှမွေးထားချင်စိတ်သာ ဖြစ်ပေါ်လျက်ရှိပြီး ထိုငှက်ကလေး ပျံပြေးသွားရာဆီသို့ ငေးနေလျက်ရှိ၏။

ဗျိုင်းသားကိုတော့ ဆရာလေး အလွန်ကြိုက်၏။ နွေတုန်းက ရေခန်းစပြုနေသော တမံတပ်တွင် သံညှပ်ဖြင့် ထောင်ဖမ်း၍ ရလာသောခြောက်တောင်ဗျိုင်းကြီးတွေအကြောင်း ပြန်တွေးမိသေး၏။ အဲသည်နေ့က ဆရာလေးရယ်၊ ကိုညို၊ ကိုတင်အုံးနှင့် ကိုရွှေဖောင်တို့ လေးယောက်ဖြစ်၏။ နွေအခါ ဟင်းစားငတ်လှသည်မို့ ဘကြီးသာ ကျော်တို့အိမ်က သံညှပ်နှစ်ခု သွားငှားလာကာ ရေခန်းစပြုနေပြီဖြစ်သော တမံထဲတွင် သံညှပ်ထောင်ကြလေ၏။ သူတို့လေးယောက်ကတော့ တမံနှင့်မနီးမဝေး ထိန်ပင်ကြီးအောက်မှာ အရိပ်ခိုရင်းစောင့်နေကြသည်။

သိပ်တော့မကြာ ဗျိုင်းတစ်အုပ်တမံပေါ်တွင် ဝဲကာဝဲကာ အစာရှာနေရင်းတမံထဲသို့ ထိုးဆင်းလာကြပြီ။ နွေနေကပူပြင်းလှသည်ကြောင့် တမံထဲတွင် ရေခန်းသည့် နေရာတွေကများပြီး ရေစပ်စပ်ကျန်တာဆိုလို့ ရှာနိုင်မှသာတွေ့ရလိမ့်မည်။ ငါးကြီးငါးကောင်တွေဟူသမျှ ရွာထဲက ကလေးလူကြီးမကျန်ဖမ်း၍ ဆီး၍ ယူသွားခဲ့ကြပြီ။

သူတို့မလိုချင်၍ ထားခဲ့သော ရင်ပေါင်စာ၊ ငါးမော့တော့၊ ငါးခုံးမနှင့် ငါးဖျင်းသလက်ပေါက်စကလေးများသာ ပူလောင်လှသော နွံ့ရေကြောင့် မနေတတ်မထိုင်တတ်ဖြစ်ပြီး တဖျပ်ဖျပ် လူးလွန့်ခုန်ပေါက်နေကြသည်။ ဒါတွေကို လိုက်ရှာနေကြသော ဗျိုင်းတွေကမြင်ပြီး တမံတွင်းသို့ဆင်းလာခဲ့ကြခြင်းဖြစ်၏။

တမံစပ်ရေစပ်စပ်ထဲတွင် ခြေတံရှည်ကြီးတွေ တစ်လှမ်း လှမ်းလိုက်၊ ပေါ်လာသောငါးပေါက်ကလေးတွေကို ဆတ်ခနဲ နှုတ်သီးနှင့်ပေါက်စားလိုက်၊ ခေါင်းမော့ကာ မော့ကာ မျိုချလိုက်နှင့် အကြိုက်တွေ့နေကြတော့၏။

ကိုရွှေဖောင်က ထိန်ပင်ကိုကွယ်ပြီး အသာကလေးချောင်း၍ကြည့်သည်။ အားပါးပါး ခြောက်တောင်ဗျိုင်းကြီးတွေ စုစုပေါင်း ရှစ်ကောင်တောင်ပါလား။ သံညှပ်ထောင်ထားမှန်းသိသာရန် တမံဘေးရှိ ကိုင်းပင်ကို ဖုထုံးထုံး၍ချည်ကာ မှတ်ထားခဲ့သော နေရာနှင့် တဖြည်းဖြည်း နီးနီးလာသည်ကိုတွေ့ရ၍ အသက်မရှူရဲလောက်အောင် ဖြစ်နေရသည်။

သံညှပ်ထောင်ထားသည့်နေရာကို ထိုသို့မှတ်မထား၍မဖြစ် တကယ်လို့များ၊ ဗျိုင်းတွေတစ်ကောင်မှ ဆင်းမလာသောအခါမျိုးတွင် ထောင်ထားသော သံညှပ်ကို ပြန်၍ဖြုတ်ယူရဦးမည် မဟုတ်လား။

ထို့ပြင် တခြားငါးရှာ၊ ဖားရှာ၊ ငါးရှဉ့်ထိုးမည့် ရွာသားလာလျှင်လည်း သံညှပ်ထောင်ထားကြောင်း သိရှိကြစေရန် အချက်ပေးထားခြင်းလည်းဖြစ်၏။ ထိုကိုင်းပင်ဖုထုံးကိုတွေ့ကြလျှင် ထိုနေရာတွင် သံညှပ်ထောင်ထားသည်ဟု သူတို့ရွာသားချင်းက သိကြသည်။

ချွန်မြထက်ရှလှသော သံညှပ်ကြီးများညှပ်မိပါက ငှက်မပြောနှင့် လူတောင်ချောင်မည်မဟုတ်၊ ထို့ပြင် သံညှပ်ကို ပါးစပ်ဖြဲဟကာ နွံအောက်လက်တစ်လုံးနှစ်လုံး အကွာလောက်မှာ မြှုပ်ထားသဖြင့် သတ္တဝါတွေကို အသာထားလို့ လူတွေတောင် မသိနိုင်ပါ။

"ကိုရွှေဖောင် ဘယ်လိုလဲဗျ"

ကိုညို၏ အမေးကိုမဖြေအား "ရှူး"ဟု တိတ်တိတ်နေရန် အချက်ပြပြီး အသာဆက်၍ ချောင်းနေသည်။ ထိုအခါ သံညှပ်နှင့်ဗျိုင်းထောင်သည်ကို တစ်ခါမှ မမြင်ဖူးသေးသော ဆရာလေးက သိချင်စိတ်ကို မထိန်းနိုင်ဘဲ ထိန်ပင်၏တစ်ဖက်မှ အသာကပ်၍ ချောင်း၍ကြည့်၏။

အလိုလေးလေး နည်းတဲ့ဗျိုင်းကြီးတွေ မဟုတ်ပါလား။ တစ်ကောင် တစ်ကောင်လျှင် နှစ်နှစ်သားလေးတစ်ယောက် မတ်တတ်ရပ်နေသလောက်ကို ရှိ၏။ ဖြူဖြူဖွေးဖွေးကြီးတွေပါလား။ ကောက်ကွေးကွေးလည်တံကြီးတွေ တယမ်းယမ်းနှင့်ရေစပ်စပ်မှာ တစ်လှမ်းချင်းလျှောက်ကာ ပေါ်လာသော ငါးတွေ နောက်လိုက်ပြီး ထိုးဆိတ်စားနေကြသည်။

မကြာပါ ဗျောင်းခနဲ ဗျောင်းခနဲ သံညှပ်မောင်းရိုက်သံတွေကြားလိုက်ရပြီ ဗျိုင်းကြီးတွေ ဂီးဂီးဂဲဂဲ အော်ကာ ပျံတက်ပြေးသွားကြပြီ။ သို့သော် ခြောက်တောင်ဗျိုင်းကြီး နှစ်ကောင်ကတော့ အတောင်တဖျန်းဖျန်း ရိုက်ခတ်ရုန်းကန်ရင်း နာကျင်ကြောက်လန့်စွာ အော်ဟစ်ရင်း သံညှပ်တွင် မိ၍ ကျန်ခဲ့လေပြီ။

"လာဟေ့ လာကြဟ... မိနေပြီကွ။ မိနေပြီ"

ပြေးရင်းအော် အော်ရင်းပြောသော ကိုရွှေဖောင်နောက်သို့ သူတို့အား လုံး ပြေးလိုက်ကြသွား၏။

သူတို့လူစု တမံစပ်ကိုရောက်တော့ ခြေထောက်တွင် သံညှပ် မိနေသော ဗျိုင်းကြီးနှစ်ကောင် ကြောက်လန့်တကြား ထပျံရန်ကြိုးစားကြ၏။ သို့သော် လေးလံလှသော သံညှပ်မိချက်က ခြေထောက်တစ်ချောင်းလုံး ကျိုးကြေမတတ် အထိနာလှသောကြောင့် မပျံနိုင်၊ အနားကပ်လာသော လူစုကို နှုတ်သီးဖြင့်ဆိတ်၏။ အတောင်ဖြင့် ရိုက်၏။ သို့သော် နောက်ကျနေခဲ့ပြီ။

(၂)

"ခြောက်တောင်ဗျိုင်းလို့ ဘာဖြစ်လို့ခေါ်တာလဲ ကိုညိုရဲ့" ဆရာလေး၏မေးခွန်းကို မဖြေအားသေး၊ အမွေးတွေနုတ်ထားပြီးသော်လည်း အရေပြားတွင် ကပ်၍ ကျန်နေသော အမွေးနုကလေးတွေ ကျန်နေသေးသဖြင့် ကောက်ရိုးမီးဖြင့် လှည့်ကာလှည့်ကာ မီးမြှိုက်ပေးနေရသေး၏။ ဗျိုင်းမွေးကို မည်သူကမှ စင်အောင် မနုတ်နိုင်ကြ၊ အတောင်ပံနှင့် ကိုယ်လုံးပေါ်ရှိ အမွေးကြမ်းကြီးတွေကိုသာ နုတ်ပစ်ကြပြီး ကျန်အမွေးနုများကိုမူ ယခုလိုမီးမြှိုက်ကြရိုးထုံးစံရှိလေ၏။ ဤသို့ မီးမြှိုက်လိုက်တော့မှ ဗျိုင်းသားသည် အမွေးလည်း စင်။ ညှီစော်လည်း မနံတော့။ အသားမှာလည်း မွှေးနေတော့၏။

ငရုတ်သီး လေးစိတ်ကွဲလေး ထောင်း၊ စပါးလင်နှင့် ချင်း ကလေးထည့်ကာ ဆီလည်ရေလည်ကလေး ချက်လိုက်လျှင် ဗျိုင်းသားဟင်းနဲ့က အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ် သွားရည်ကျစေလိမ့်မည်။

လက်ထဲက မီးမြှိုက်ပြီးသား ဗျိုင်းကြီး နှစ်ကောင်ကို ကိုရွှေဖောင် လက်ထဲလှမ်းပေးလိုက်ပြီး ကောက်ရိုးမီးခိုးမှိုင်းတွေ ရိုက်ထားသဖြင့် အဆီပြန်ကာ မည်းညစ်နေသော မျက်နှာကြီးကို ပုဆိုးခါးပုံစနှင့် သုတ်လိုက်သေး၏။ ပြီးတော့ ရေနွေးကြမ်းတစ်ခွက်ကို ကောက်၍မော့သောက်လိုက်၏။

"ဘာဖြစ်လို့ ခြောက်တောင်ဗျိုင်းလို့ ခေါ်သလဲဆိုတော့ ခြောက်တောင်တိတိရှိလို့ ခြောက်တောင်ဗျိုင်းလို့ ခေါ်တာပေါ့ ဆရာလေးရယ်."ဟုပြောပြီး ကိုညိုက ဆေးလိပ်ဖွာနေတော့သည်။

ဆရာလေးက နားမရှင်းသဖြင့် ကိုညို့မျက်နှာကို ကြည့်လိုက် ကိုရွှေဖောင်မျက်နှာကိုကြည့်လိုက်နှင့် အူကြောင်ကြောင်ဖြစ်နေသည်ကို ငရုတ်သီးထောင်း

➤ စာမျက်နှာ ၂၅ သို့

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၄၀၁၉ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ငှက်ပျောစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငှက်ပျော ၄၀၁၉ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၁၄၂၀၊ ခင်ဦးမြို့နယ်တွင် ၂၆၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၃၃၁ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၂၀ စုစုပေါင်း ၄၀၁၉ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ငှက်ပျောဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ဇွန်လ စတုတ္ထပတ်ထဲမှာ စတင်စိုက်ပျိုးဖို့ဆောင်ရွက်နေပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်။ ပိုးမွှားရောဂါ ကျရောက်မှုလဲ များသောအားဖြင့် သက်သာပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကလျှင် စိုက်ပျိုးစရိတ်ငွေကျပ် သိန်း ၂၀ ထိ ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ် သိန်း ၅၀ ခန့်ထိရရှိကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပို့ကုန်မှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း သီးထပ်ရင်စပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန် ဈေးကွက်ထဲကို ပြီးခဲ့တဲ့ မေလအတွင်းက သီးထပ်ရင် စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ကျောင်းကုန်းမြို့နယ်က စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူတာများနေလို့ တင်ပို့အား တက်လာတာဖြစ်တယ်"ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

နေသော ကိုတင်အုံးက တဟားဟားနှင့် သဘောကျစွာရယ်ရင်း၊

"ညီကြီးလည်းကွာ ဆရာလေး နားရှင်းအောင်မှ မပြောဘဲ ဟာ၊ သည်လို ဆရာလေးရဲ့၊ ဗျိုင်းရဲ့ လည်ပင်းကိုတိုင်းကြည့်ရင် တစ်တောင်ရှိတယ်။ ကိုယ်လုံးက တစ်တောင်၊ အတောင်ပံက နှစ်ဖက်နှင့် ခြေထောက်နှစ်ချောင်းက တစ်တောင်စီရှိတယ်။ ပေါင်းလိုက်တော့ ခြောက်တောင်ရှိလို့ ခြောက်တောင်ဗျိုင်းလို့ခေါ်ကြတာ ဆရာလေးရဲ့ ရှင်းပလား"ဟု ပြောပြီး မြေငရုတ်ဆုံကြီးထဲက ငရုတ်သီး၊ ကြက်သွန်နီ၊ ချင်း၊ စပါးလင်တို့ကို သစ်သားကျည်ပွေ့ကြီးနှင့် တဒုန်းဒုန်းထောင်းနေတော့သည်။

ကျောင်းဆရာလေးကို သူတို့တစ်ရွာလုံးက ချစ်ကြ၊ ခင်ကြသည်။ အညာသားဆရာလေးက သူတို့အောက်အရပ် မြစ်ဝကျွန်းပေါ်ဒေသ အစားအစာများနှင့် မရင်းနှီးလှပေ။ ထို့ကြောင့် သူတို့က အခွင့်အခါသင့်တိုင်း ထူးထူးဆန်းဆန်း အစားအစာတွေ ရှာဖွေချက်ပြုတ်ကျွေးမွေးလေ့ရှိကြ၏။

ဆရာလေးကလည်း သူတို့ ကျွေးမွေးလေသမျှ ဟိုဟာတော့ မကြိုက်ဘူး။ သည်ဟာတော့ မစားချင်ဘူးဟူ၍ မရှိ၊ ကျွေးသမျှကို

"ကောင်းတယ်ဗျို့"ဟု ပြောကာ နှစ်နှစ်ခြိုက်ခြိုက် စားသည်ချည်းဖြစ်၍ ဒါကိုပင် သူတို့ရွာသားတွေက သဘောကျ၍ မဆုံးနိုင်ကြတော့။

ယခုတော့ ဆရာလေးသည် ကြွက်တိုးလည်း လိုက်ဖူးပြီး ဖားချိတ်ရာလည်း ပါဖူးပြီ။ မြွေပွေးသား၊ မြွေဟောက်သားလည်း စားခဲ့ဖူးပြီ။

"ဒါထက် နေပါဦးဗျ။ ခင်ဗျားတို့ သံညှပ်တွေထောင်တိုင်း၊ အခုလို အမြဲမိတာချည်းပဲလား။

ဆရာလေးက မေး၏။ ထိုအခါကျမှ ကိုညီက ပါးစပ်တွင် တပ်ထားသော ဆေးပေါ့လိပ်ကို ဖြုတ်၍

"အင်း ဆရာလေးက ကျုပ်တို့လုပ်ငန်းတွေနဲ့ စိမ်းနေသေးတော့ ဘယ်သိနိုင်ပါ့မတုံး၊ တိရစ္ဆာန်တွေမှာလဲ သူတို့ဘဝပေး အသိနဲ့သူတို့ အန္တရာယ်ကိုတော့သိကြတာပေါ့ဆရာလေးရယ်။ထောင်ထားတိုင်းတော့လည်း ဘယ်မိပါ့မလဲ။ တချို့ပါးနပ်တဲ့ ဗျိုင်းတွေကျတော့ ကောင်းကင်ပေါ်ကဆင်းပြီး နားနားချင်း သံညှပ်ပေါ် တည့်တည့်ကျမှ မိတာကလား။ နို့မို့ရင် သူတို့က ဘယ်မှလျှောက်မသွားဘူးဗျ။ ခြေထောက် တစ်ချောင်းကိုထောက်တစ်ချောင်းကို ရင်ဘတ်မှာ ကပ်ထားပြီး ငြိမ်ငြိမ်ကလေး စောင့်နေတာပဲ။ ငါးဆိုတာမျိုးက အခုလိုနေပူ ရေခန်းချိန်မျိုးမှာ ဘယ်မှာလာ အငြိမ်နေနိုင်မှာလဲ။ ကူးလိုက်ခပ်လိုက် အဲပူလာရင်ဖျတ်ခနဲ ထခုန်လိုက်နဲ့ တဖြည်းဖြည်းဗျိုင်းနားကို ရောက်သွားတော့တာပဲ။ အဲသလို သူ့အနားကို ငါးရောက်လာတော့မှ ဆတ်ခနဲ ကောက်မျိုးတော့တာပေါ့။ ဒါကြောင့် ကျုပ်တို့လိုလူတွေက ဉာဏ်ကူရတယ်။ ဆရာလေးရဲ့

"ဆရာလေးကတော့ ကိုညီ၏စကားတွင် စိတ်ပါဝင်စား လွန်းအားကြီး၍ မျက်တောင်မခတ်စတမ်း ငေးလျက်ရှိ၏။

**ဆက်လက်ဖော်ပြပါမည်**

## မေတ္တာဂုဏ်ရည်

- လောဘ မတက်ပါနဲ့
မေတ္တာဖက် ကိုယ်ခန္ဓာ၊
စိမ့်စိမ်းလို ရင်မှာအေး
ဖေးကူသူငါ၊
နာမည်သတင်း ဂုဏ်အချင်းဟာ
ပန်းပမာ သင်းပျံ့မွှေး၊
ဖြစ်တည်နေ လူ့ဘဝ
တောက်ပ ရင်အေး။

- ဒေါသ မထွက်ပါနဲ့
မေတ္တာဖက် ကိုယ်ခန္ဓာ၊
သူ့နေရာ ကိုယ်ဝင်ကြည့်
ညှိကြည့်အဖြေရှာ၊
ကောင်းကွက်တို့ မြင်ကြည့်ပါ
ချစ်ချင်းဟာ အလိုလိုရောက်၊
ဖြစ်တည်နေ လူ့ဘဝ
အေးမြ ဂုဏ်တောက်။

- မာန မထားပါနဲ့
မေတ္တာပွား ကိုယ်ခန္ဓာ၊
အရာရာသည် မတည်မြဲသမို့
သတိတွဲကာ၊
လူသားချင်း ကိုယ်ချင်းစာ
အကြင်နာ ဖြန့်ကြက်မိုး၊
ဖြစ်တည်နေ လူ့ဘဝ
အေးမြ ဂုဏ်တိုး။

- လောဘရယ် ဒေါသနဲ့
မာနတို့ နေရာမှာ၊
မေတ္တာကို အစားထိုး
ကြိုးစားကြည့်ပါ၊
အေးငြိမ်းလျက် ကိုယ်ခန္ဓာ
ဖြစ်တည်လာ လူ့ဘဝ၊
နာမည်ကျော် ဂုဏ်သတင်း
မွှေးသင်း ထာဝရ။ ။

**ချစ်သက်(မြန်မာစာ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပင်လယ်ရေကြောင်းလုံခြုံရေးတိုးမြှင့်ဆောင်ရွက်နေသော အာရှနိုင်ငံများ အပိုင်း(၁)

ပထဝီနိုင်ငံရေးပြောင်းလဲလာမှုများကြောင့် အာရှဒေသ၏ ပင်လယ်ရေကြောင်းနယ်ပယ်သည် ရုတ်ခြည်း ပြောင်းလဲဖြစ်ပေါ်လာလျက်ရှိပြီး ရေတပ်ဆိုင်ရာ တိုးချဲ့တည်ဆောက်လာသည့်အတွက် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ ပိုမိုသိမ်မွေ့ရှုပ်ထွေးလာလျက်ရှိသည်။ ရေကြောင်းသွားလာမှုရှုပ်ထွေးသောတောင်တရုတ်ပင်လယ်မှသည် ကျယ်ပြောလှသော အိန္ဒိယသမုဒ္ဒရာနှင့် ကိုရီးယားကျွန်းဆွယ်ပတ်လည်ရှိ ပဋိပက္ခဖြစ်ပွားနေသော ရေပိုင်နက်များကြောင့် အာရှဒေသရှိရေတပ်ဖွဲ့များသည် အမျိုးသားအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းများ လုံခြုံမှုရှိစေရန်နှင့် ဆက်စပ်စီးပွားရေးဇုန်များတွင် တပ်ဖြန့်ချထားနိုင်ရန် ခေတ်မီအဆင့်မြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ရေတပ်ဖွဲ့များ ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရာတွင် အရေးပါသောစစ်နက်ပစ္စည်းများ၌ ရေတပ်သုံးရဟတ်ယာဉ်များလည်းပါရှိပါသည်။

ရုတ်ခြည်းတုံ့ပြန်နိုင်စွမ်းရှိသော ရေတပ်ဖွဲ့သုံး ရဟတ်ယာဉ်များသည် ငြိမ်းချမ်းချိန်၌တာဝန်ထမ်းဆောင်မှုနှင့် အလားအလာရှိသောတိုက်ပွဲဝင်အခြေအနေများတွင်လည်း မရှိမဖြစ်အသုံးတည့်လာလျက်ရှိသည်။ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်ရေး (ASW)၊ ပင်လယ်ရေပြင်စောင့်ကြည့်ခြင်း၊ ရှာဖွေခြင်းနှင့်ကယ်ဆယ်ခြင်း(SAR) သို့မဟုတ် အထောက်အကူပြုအထူးစစ်ဆင်ရေးများ ထမ်းဆောင်ရာတွင် အဆိုပါရဟတ်ယာဉ်များသည် ရေပြင်သွားစစ်ရေယာဉ်များ မထမ်းဆောင်နိုင်သော စွမ်းဆောင်ရည်များကို ကမ်းလှမ်းသွားနိုင်သည်။ အဆိုပါ ရဟတ်ယာဉ်များအနေဖြင့် ဖရီးဂိတ်နှင့် ဖျက်သင်္ဘောများမှသည် ရဟတ်ယာဉ်တင်ဆောင်သင်္ဘောများထိ ပလက်ဖောင်းမျိုးစုံပေါ်မှ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသဖြင့် ရေတပ်များကို ကမ်းခြေနှင့်ပိုမိုဝေးကွာသောနေရာများထိ အာဏာဖြန့်ကြက်နိုင်စေမည်ဖြစ်သည်။

ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ်နှင့် ဩစတြေးလျတို့ကဲ့သို့နိုင်ငံများသည် နောက်ဆုံးပေါ်အာရုံခံစနစ်များ၊ လက်နက်များနှင့်ကွန်ရက်စနစ်များ တပ်ဆင်ထားပြီး ရေတပ်စစ်ဆင်ရေးများကို အကန့်အသတ်မရှိ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသော ခေတ်မီရဟတ်ယာဉ်များကို ရွေးချယ်လျက်ရှိသည်။ ထိုအတောအတွင်း အရှေ့တောင်အာရှနိုင်ငံများအနေဖြင့်လည်း ရဟတ်ယာဉ်အုပ်များ အဆင့်မြှင့်တင်နိုင်ရန် နိုင်ငံတကာမိတ်ဖက်များရှာဖွေခြင်းနှင့် တစ်ပတ်ရစ်ပစ္စည်းများကိုဝယ်ယူခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဂျပန်နိုင်ငံ**

ဂျပန်နိုင်ငံအနေဖြင့် မသေချာမရေရာသော ပင်လယ်ရေကြောင်းဆိုင်ရာ ပတ်ဝန်းကျင်ကို ပိုမိုရင်ဆိုင်လာရလျက်ရှိသောကြောင့် ဂျပန်ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JMSDF) သည် အင်ဒို-ပစိဖိတ်ဒေသတစ်ဝန်းရှိ ဖြစ်ပေါ်လာသောစိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ရန် ၎င်း၏ ရဟတ်ယာဉ်စွမ်းဆောင်ရည်များကို မြှင့်တင်လျက်ရှိသည်။ ရေတပ်ဖွဲ့သုံး ရဟတ်ယာဉ်များသည် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးမဟာဗျူဟာ၊ အထူးသဖြင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး(ASW)တွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ဂျပန်နိုင်ငံအနေဖြင့် ဘေးကင်းလုံခြုံသော ပင်လယ်ရေကြောင်းများကို တည်မှီနေရပြီး ဒေသတွင်း၌ ရေငုပ်သင်္ဘောများ၏လှုပ်ရှားမှု၊ အထူးသဖြင့် တရုတ်နှင့်မြောက်ကိုရီးယားတို့၏ ရေငုပ်သင်္ဘောများအပေါ် စိုးရိမ်ပူပန်စေလျက်ရှိသည်။

ဂျပန်နိုင်ငံ၏အဓိကကျသော တိုးတက်ဆောင်ရွက်မှုသည် သက်တမ်းရင့်မစ်ဆူဘီရှိ SH-60J ရဟတ်ယာဉ်အုပ်ကို SH-60K Seahawk ရဟတ်ယာဉ်မှုကွဲသစ်များနှင့် တဖြည်းဖြည်းအစားထိုးခြင်းပင်ဖြစ်သည်။ မစ်ဆူဘီရှိအကြီးစားစက်မှုလုပ်ငန်း၏ ခွင့်ပြုလိုင်စင်အောက်တွင် တည်ဆောက်နေသော SH-60K သည် အဆင့်မြှင့်ဆိုနာစနစ်များ၊ အဆင့်မြှင့်ပျံသန်းမှုစွမ်းဆောင်ရည်အပြင် ခေတ်မီ ASW နှင့်စောင့်ကြည့်မစ်ရှင်များအတွက် သင့်မြတ်အောင်ဆောင်ရွက်ထားသည့် ပေါင်းစပ်မစ်ရှင်စနစ်များပါဝင်သည်။ JMSDF အနေဖြင့်SH-60Ks ရဟတ်ယာဉ်အစင်း ၇၀ ကျော်ကို တပ်ဖြန့်ချထားပြီး ဖျက်သင်္ဘောများအပြင် Izumo နှင့် Hyuga အတန်းအစားများကဲ့သို့သော ရဟတ်ယာဉ်တင် ဖျက်သင်္ဘော(DDHs)များပေါ်မှလည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

❖ရေကြောင်းသွားလာမှုရှုပ်ထွေးသော တောင်တရုတ်ပင်လယ်မှသည် ကျယ်ပြောလှသော အိန္ဒိယသမုဒ္ဒရာနှင့် ကိုရီးယားကျွန်းဆွယ်ပတ်လည်ရှိ ပဋိပက္ခဖြစ်ပွားနေသော ရေပိုင်နက်များကြောင့် အာရှဒေသရှိရေတပ်ဖွဲ့များသည် အမျိုးသားအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းများ လုံခြုံမှုရှိစေရန်နှင့် ဆက်စပ်စီးပွားရေးဇုန်များတွင် တပ်ဖြန့်ချထားနိုင်ရန် ခေတ်မီအဆင့်မြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ ရေတပ်ဖွဲ့များ ခေတ်မီအဆင့်မြှင့်တင် တည်ဆောက်ရာတွင် အရေးပါသောစစ်နက်ပစ္စည်းများ၌ ရေတပ်သုံးရဟတ်ယာဉ်များလည်း ပါရှိပါသည်။ ❖

ထို့ပြင် ဂျပန်နိုင်ငံသည် အဓိကကျသောရေပြင်တိုက်ပွဲဝင်စနစ်များတင်ဆောင်ကာ ရဟတ်ယာဉ်တင်သင်္ဘောများကို အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်။ မူလက SH-60s နှင့်တခြားသော ရေတပ်ဖွဲ့သုံးရဟတ်ယာဉ်များကို အထောက်အကူပြုရန်တည်ဆောက်ထားသော Izumoအတန်းအစား DDHs များကို လက်ရှိအချိန်တွင် ပြေးလမ်းတို၌ပျံသန်းဆင်းသက်(STOVL)နိုင်သော F-35B ဂျက်တိုက်လေယာဉ်များ တင်ဆောင်နိုင်ရန် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။

ဂျပန်နိုင်ငံသည် မောင်းသူပါရဟတ်ယာဉ်များကို အားဖြည့်နိုင်ရေးအတွက် မောင်းသူမဲ့ရဟတ်ယာဉ်များ တည်ဆောက်သွားရန်လည်း လုပ်ဆောင်လျက်ရှိသည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် တပ်ဖွဲ့ဝင်များ၏ ဘေးအန္တရာယ်လျှော့ချနိုင်ရန်နှင့် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်ရန် ရည်မှန်းလျက် သင်္ဘောစောင့်ကြည့်မှုနှင့် အုပ်ချုပ်ထောက်ပံ့မှုများအတွက် မောင်းသူမဲ့ရဟတ်ယာဉ်စနစ်များကို စမ်းသပ်အသုံးပြုလျက်ရှိသည်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင် ပင်လယ်ရေကြောင်းလုံခြုံမှုနှင့် စစ်ဆင်ရေးဆိုင်ရာ အသင့်ဖြစ်မှုတို့မြှင့်တင်ရန် ရေတပ်ဖွဲ့သုံးရဟတ်ယာဉ်များကို ခေတ်မီအဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်။ ASW ရေပြင်ချေမှုန်းရေးစစ်ဆင်ရေး(ASUW) နှင့် SAR မစ်ရှင်များအတွက် ဘက်စုံသုံးအဆင့်မြှင့်ပလက်ဖောင်းများအဖြစ် ဒီဇိုင်းရေးဆွဲထားသော MH-60R Seahawk များကို စတင်အသုံးပြုခြင်းပင်ဖြစ်သည်။

အိန္ဒိယရေတပ်သည် ၂၀၂၄ ခုနှစ် မတ်လတွင် ကိုချီကမ်းရိုးတန်းမြို့ INS ဂါရုဒါ၌ပထမဆုံး MH-60R ရဟတ်ယာဉ်အုပ်ဖြစ်သည့် INAS 334 Seahawksကို တပ်တော်ဝင်ခဲ့သည်။ အဆိုပါရဟတ်ယာဉ်များကို AN/APS-153(V) ဘက်စုံသုံးစနစ်ရေဒါ၊ AN/AQS-22 လေကြောင်းချီ လှိုင်းနှုန်းနိမ့်ဆိုနာ၊ Hellfire ဒုံးကျည်များနှင့် Mk 54 တော်ပီတိုများအပါအဝင် ခေတ်မီဆင်ဆာများနှင့် လက်နက်များ တပ်ဆင်ထားသောကြောင့် ရေတပ်၏ ASW စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် MH-60R ရဟတ်ယာဉ်အုပ်၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ ဘီလီယံတန်ဖိုးရှိသော လက်နက်ရောင်းဝယ်ရေးအစီအစဉ်ကို အတည်ပြုပေးခဲ့သဖြင့် အိန္ဒိယနိုင်ငံသည် အဆင့်မြှင့်ဆက်သွယ်ရေးစနစ်များ၊ အာရုံခံစနစ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ အထောက်အပံ့များရရှိသွားမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ရဟတ်ယာဉ်များကို ပြည်ပမှ ဝယ်ယူမှုအပြင် ပြည်တွင်း၌လည်း တိုးတက်တည်ဆောက်လျက်ရှိသည်။

**တောင်ကိုရီးယားနိုင်ငံ**

တောင်ကိုရီးယားနိုင်ငံသည် ပင်လယ်ရေကြောင်းဆိုင်ရာစိန်ခေါ်မှုများ၊ အထူးသဖြင့် မြောက်ကိုရီးယား၏ ရေငုပ်သင်္ဘောတင် ပဲ့ထိန်းဒုံးကျည်များ၏ ခြိမ်းခြောက်မှုများကိုဖြေရှင်းနိုင်ရန် ရေတပ်ဖွဲ့သုံးရဟတ်ယာဉ်အုပ်များကို အလုံးစုံစစ်ဆေးပြုပြင်လျက်ရှိသည်။ တောင်ကိုရီးယားရေတပ်(ROKN)သည် ၁၉၉၀ ခုနှစ်ကတည်းက စတင်အသုံးပြုခဲ့သော ၎င်း၏သက်တမ်းရင့် Westland Lynx ရဟတ်ယာဉ်အုပ်များနေရာတွင် အဆင့်မြှင့်ပင်လယ်ရေကြောင်းသုံးရဟတ်ယာဉ်များနှင့် အစားထိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာတွင် အတည်ပြုခဲ့သော မဟာဗျူဟာမြောက်စီမံကိန်းသည် ရဟတ်ယာဉ်အသစ်များ တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃ ဘီလီယံ ခွဲဝေထားပြီး ၂၀၂၅ မှ ၂၀၃၂ ခုနှစ်အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

အလားတူ ကိုရီးယားအာကာသစက်မှုလုပ်ငန်း (KAI)သည်ပြည်တွင်းလုပ် ရဟတ်ယာဉ်သုတေသနပြုတည်ဆောက်မှုကို အဆင့်မြှင့်တင်လုပ်ဆောင်သည့်အနေဖြင့် KAI သည် ပင်လယ်ရေကြောင်းတိုက်ခိုက်ရေးရဟတ်ယာဉ်(MAH)ကို သုတေသနပြု တည်ဆောက်လျက်ရှိသည်။ MAH ကို ၂၀ မီလီမီတာပြောင်းသုံးခုပါစက်သေနတ်၊ တင့်ဖျက်ဒုံးကျည်များနှင့် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ တပ်ဆင်ထားသောကြောင့် အနီးကပ်လေကြောင်း အထောက်အကူနှင့် ကမ်းခြေကာကွယ်ရေးမစ်ရှင်များ ကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ထို့ပြင် KAI သည် ROKN ၏ မိုင်းတန်ပြန်စွမ်းဆောင်ရည်ကို ၂၀၂၆ ခုနှစ်တွင် အပြီးသတ်မြှင့်တင်သွားမည်ဖြစ်သည့်အတွက် ပင်လယ်ရေကြောင်းလမ်းများ ဘေးကင်းလုံခြုံမှုကို မြှင့်တင်နိုင်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မိုင်းရှင်းလင်းရေးရဟတ်ယာဉ်တပ်ရင်းကို ဖွဲ့စည်းထူထောင်သွားနိုင်မည်ဖြစ်သည်။

**တရုတ်နိုင်ငံ**

တရုတ်နိုင်ငံသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် (PLAN) ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုတစ်စိတ်တစ်ဒေသနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ အင်အားတိုးချဲ့မှုမြှင့်တင်ရန် ရေတပ်ဖွဲ့သုံးရဟတ်ယာဉ်များ အဆင့်မြှင့်တင်မှုအစီအစဉ်များကို အလျင်အမြန် တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ မကြာသေးမီက လုပ်ဆောင်ခဲ့သော အဆင့်မြှင့်တင်မှုများသည် ASW အဆင့်မြှင့်တင်ခြင်း၊ ကုန်းရေနှစ်သွယ်စစ်ဆင်ရေးများနှင့် မောင်းသူမဲ့စွမ်းဆောင်ရည်များအပေါ် မဟာဗျူဟာမြောက် အလေးထားမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

စွယ်စုံအသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားသော Z-20J သည် ဖျက်သင်္ဘောများနှင့် လေယာဉ်တင်သင်္ဘောများအပါအဝင် စစ်ရေယာဉ်အမျိုးမျိုးအပေါ်မှ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။ ၎င်းရဟတ်ယာဉ်ကို ASW တပ်ဖွဲ့ဝင်ပို့ဆောင်ရေးနှင့် ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည်များ၊ ရော့ကတ်များနှင့် စက်သေနတ်များပါဝင်သော မြေပြင်တိုက်ခိုက်မှုကဲ့သို့သော ဘက်စုံသုံးအခန်းကဏ္ဍများအတွက် လက်နက်စနစ်မျိုးစုံတပ်ဆင်ထားရှိသည်။ Z-20J ၏ လိုက်လျောညီထွေတာဝန်ထမ်းဆောင်နိုင်မှုသည် PLAN ၏ အမျိုးမျိုးသော ပင်လယ်ရေကြောင်းဆိုင်ရာအခြေအနေများတွင် တာဝန်ထမ်းဆောင်နိုင်မှုကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

Z-20J ၏ တာဝန်ထမ်းဆောင်မှုကို အားဖြည့်မှုသည် Z-8C အမျိုးအစား ပို့ဆောင်ရေးရဟတ်ယာဉ်ဖြစ်ပြီး ကုန်းရေနှစ်သွယ်ကမ်းထိုး တိုက်ရေယာဉ်များကဲ့သို့သော အကြီးစားရေပြင်သွား စစ်ရေယာဉ်များနှင့်ပေါင်းစပ်တာဝန်ထမ်းဆောင်နိုင်သည်။ Z-8C ကို မရိန်းတပ်ဖွဲ့များနှင့် စစ်လက်နက်ပစ္စည်းများ ရုတ်ခြည်းတပ်ဖြန့်ချထားရန်၊ ထောင်လိုက်မြေပြင်ဆင်းသက်မှုနှင့် အထူးလေကြောင်းစစ်ဆင်ရေးများကို အထောက်အကူပြုရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ၎င်း၏စွမ်းဆောင်ရည်များသည် နယ်ပယ်ပေါင်းစုံထိုးစစ်အတွက်များစွာ အရေးပါလျက်ရှိသောကြောင့် PLAN ၏ ကုန်းရေနှစ်သွယ်စစ်ဆင်နိုင်မှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ထို့ပြင် တရုတ်နိုင်ငံသည် Type 076 ကုန်းရေနှစ်သွယ်တိုက်ခိုက်ရေးယာဉ်ကိုလည်း သုတေသနပြုတည်ဆောက်လျက်ရှိသည်။ ၎င်းစစ်ရေယာဉ်သည် မောင်းသူမဲ့တိုက်ရေးလေယာဉ် (UCAVS) များ အပါအဝင် တိုက်လေယာဉ်များ ပျံတက်နိုင်ရေးအတွက် လောက်လွှဲစနစ်ပါဝင်ကာ Type 076 သည် PLAN ၏စွမ်းဆောင်ရည်ကိုပေါင်းစပ် မောင်းသူမဲ့စနစ်များမှသည် ရေတပ်ဆိုင်ရာစစ်ဆင်ရေးများထိ မြှင့်တင်နိုင်ရန် ရည်မှန်းဆောင်ရွက်ထားရှိသည်။

**ကိုးကား**

– Helicopters : Guardians of Asia's Evolving Maritime Landscape by ADJ May-June 2025.

**မောင်စိန်အိ(နဘဲမြေ)**

# ကောလင်းခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကောလင်း ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါးများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၄၂၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နွေစပါး စိုက်ခင်းများကို ယခုနှစ်မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကောလင်းမြို့နယ်၌ ၃၈၁၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၄၂၅ ဧက စုစုပေါင်း ဧက ၄၂၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၃ ဒသမ ၉၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါးဧက ၄၂၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာတွေပေးခဲ့ပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် နွေစပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လိုအပ်သည့်သွင်းအားစုများအချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်ပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ကော့ဖားထော်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

လှိုင်းဘွဲ့ ဇွန် ၁၄

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ဖားထော်ကျေးရွာ၌ ပဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် VRFP စီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့ဖားထော်ကျေးရွာမှ VRFP စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၆၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် VRFP စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ကော့ဖားထော်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇ ဦးကို ရန်ပုံငွေကျပ် ၂၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧက စိုက်ပျိုးမည်

မြောင်းမြ ဇွန် ၁၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ စိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်စေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ ဖြစ်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးပြီးရင်လဲ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံ စိုက်ပျိုးရာမှာ ဂေါ်ဖီထုပ်၊ပန်းမုန်လာ၊ကြက်သွန်နီ၊ ဘူးသီးစတဲ့သီးနှံတွေ စိုက်ပျိုးမှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ကျွန်းစုမြို့နယ် လဲဝါပြင်ကျေးရွာ၌ ဆိုင်ကယ်ပြုပြင်နည်း သင်တန်းဆင်းပွဲကျင်းပ

ကျွန်းစု ဇွန် ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရေမြစ်ကြီးကျေးရွာအုပ်စု လဲဝါပြင်ကျေးရွာ၌ ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်း သင်တန်းဆင်းပွဲကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းသန္တာက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဦးငွေးလွင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားကာ အလုပ်အကိုင်ရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်းသင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် လက်တွေ့နယ်ပယ်တွင် ဆိုင်ကယ်ပြုပြင်နည်းပညာဖြင့် မိသားစုစီးပွားရေးကို အထောက်အပံ့ပေးနိုင်အောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းသန္တာနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံသို့လည်းကောင်း၊ သင်တန်းထူးချွန်ဆုများကို ထူးချွန်ဆုရရှိသည့် သင်တန်းသားများထံသို့ လည်းကောင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများကို သင်တန်းနည်းပြများထံသို့ လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ရေမြစ်ကြီးကျေးရွာ၊ လဲဝါပြင်ကျေးရွာနှင့် ဝါးချောင်းကျေးရွာတို့မှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာများက ဆိုင်ကယ်ပြုပြင်နည်းများကို မေ ၁၅ ရက်မှ ဇွန် ၁၃ ရက်ထိ ရက် ၃၀ ကြာ အခမဲ့သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

တေဇာလင်း

# ကျုံပျော်မြို့နယ် ထော်ဦးကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ကျုံပျော် ဇွန် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သဲကုန်းကျေးရွာအုပ်စု ထော်ဦးကျေးရွာ၌ ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးက ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာကော်မတီဝင်များထမ်းဆောင်ရမည့် တာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကိုညီ

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

## တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တွင် ဝူတစ်အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်



**ပေကျင်း ဇွန် ၁၄**

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်သို့ ဝူတစ်ဟုအမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် ဇွန် ၁၃ ရက်တွင် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း တရုတ်နေရှင်နယ် မိုးလေဝသစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းကြောင့် လေတိုက်နှုန်းလည်း မြင့်တက်နေပြီး လေတိုက်နှုန်းမှာ တစ်နာရီ ၁၀၈ ကီလိုမီတာနှုန်းဖြင့် ဒုန်ဖန်မြို့ကို ဇဟိုပြု တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေပြီး စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားကြောင်း၊ ဒုန်ဖန်မြို့သည် ကမ္ဘာလှည့်ခရီးသည်များ အများဆုံးလာရောက်လည်ပတ်သည့်မြို့ဖြစ်ပြီး မုန်တိုင်းကြောင့် ကမ္ဘာလှည့်ခရီးသည်များကို လာရောက်လည်ပတ်ခွင့်ပိတ်ပင်ထားကြောင်းလည်း ဟိုင်နန်ပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဟိုင်နန်ပြည်နယ်ကို ဝူတစ်လို့ အမည်ပေးထားတဲ့ အပူပိုင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းမြင့်တက်နေပြီး တစ်နာရီကို ၁၀၈ ကီလိုမီတာနှုန်းနဲ့ တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းဟာ ဒုန်ဖန်မြို့ကို ဗဟိုပြုတိုက်ခတ်သွားခဲ့တယ်။ မုန်တိုင်းကြောင့် စာသင်ကျောင်းတွေကိုယာယီပိတ်ထားပါတယ်။ တောင်တရုတ်ပင်လယ်ဘက်ပိုင်းမှာမုန်တိုင်းတွေအစပျိုးလာခဲ့ခြင်းဖြစ်ပါတယ်"ဟု တရုတ်နေရှင်နယ် မိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ဂျပန်နိုင်ငံ ကာရေးကျွန်းစုတွင် ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့

**တိုကျို ဇွန် ၁၄**

ဂျပန်နိုင်ငံ ကာရေးကျွန်းစုတွင် ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ကြောင်း ကျွန်းအာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ ကာရေးကျွန်းစုတွင် ဇွန် ၁၃ ရက် ည ၆ နာရီ ၃၅ မိနစ်က ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူ အဆင့်ရှိငလျင်လှုပ်ခတ်ခဲ့ကြောင်း၊ အဆိုပါငလျင်သည် ကျွန်း၏ အနက် ၁၀ ကီလိုမီတာ၊ မြောက်လတ္တီတွဒ် ၄၆ ဒသမ ၁၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၅၃ ဒသမ ၂၃ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇွန် ၁၂ ရက်ကလည်း အဆိုပါငလျင်ဗဟိုချက်နှင့် မနီးမဝေးတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ကျွန်းအာဏာပိုင်များက ပြောကြားခဲ့သည်။

ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့သဖြင့် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ပျက်စီးခဲ့ရသည့်အပြင် သစ်ပင်များနှင့်လျှပ်စစ်ခေတ်အားပေးခေတ်တိုင် တချို့ ပြိုလဲခဲ့ရကြောင်း၊ ထို့ပြင် ငလျင်သည် ရက်ဆက်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် စိတ်ချရမှု မရှိသော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူများလည်းရှိသည့်အတွက် ရှာဖွေကယ်ဆယ်ရေးများကို ဦးစားပေးဆောင်ရွက်နေရကြောင်း၊ လက်တလော လူသေဆုံးမှု မရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ငလျင်လှုပ်ခတ်မှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုကဲ့သို့ ငလျင်များ ဆက်တိုက် လှုပ်ခတ်ခဲ့သဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် သတိပေးထားသော်လည်း ဆူနာမီသတိပေးချက် ထုတ်ထားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

## လာအိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေကြီးကာ မြေပြိုမှုများထပ်မံဖြစ်ပေါ်နိုင်ကြောင်း သတိပေးထား

**ဗီယန်ကျင်း ဇွန် ၁၄**

လာအိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေကြီးကာ မြေပြိုမှုများထပ်မံဖြစ်ပေါ်နိုင်ကြောင်း လာအိုနိုင်ငံ မိုးလေဝသဗျူရိုက ဇွန် ၁၃ ရက်က သတိပေးထားကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံတွင်း မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေကြီးမှု၊ မြေပြိုမှုများ ဖြစ်ပေါ်နေသည့်အပြင် ထပ်မံဖြစ်နိုင်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သတိပေးချက်ထုတ်ပြန်ထားပြီး ပြည်သူများကို သတိပြုနေထိုင်ရန်နှင့် ရေကြီးခြင်းနှင့် မြေပြိုခြင်းများအတွက် ကြိုတင်ပြင်ဆင်ထားရန် အာဏာပိုင်များက တိုက်တွန်းထားသည်။



အပူပိုင်းမုန်တိုင်း ဝူတစ်ကြောင့် လာအိုနိုင်ငံတစ်ဝန်းတွင် မိုးအသင့်အတင့်မှ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး မိုးကြိုးမုန်တိုင်းများနှင့် လေပြင်းများတိုက်ခတ်နေသဖြင့် ပြင်းထန်သော ရာသီဥတုသည် အထူးသဖြင့် ရှမ်ပဆက်၊ ရှမ့်ပရပ်နှင့် အတက်ပူး ပြည်နယ်များတွင် ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းအန္တရာယ်များကို ကြုံရနိုင်ပြီး အဆိုပါဒေသများတွင် နေထိုင်သူများကို ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ကာ လျင်မြန်စွာ ပြောင်းလဲနေသော အခြေအနေများကို သတိရှိရှိနေထိုင်ရန် အာဏာပိုင်များက အကြံပြုထားသည်။

မြို့တော် ဗီယန်ကျင်းတွင်လည်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် နေရာကွက်ကျား မိုးကြိုးမုန်တိုင်းများ ကြုံတွေ့နိုင်ကြောင်း လာအိုနိုင်ငံ မိုးလေဝသဗျူရိုက ခန့်မှန်းထားသည်။

ထို့ပြင် သစ်ပင်များပြိုလဲခြင်း၊ ဆိုင်းဘုတ်များနှင့် မီးတိုင်များ ပြိုကျခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ကြိုတင်ပြင်ဆင်ထားရန် ဒေသခံများကို ဒေသဆိုင်ရာ အာဏာပိုင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက အထူးသတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

## ကမ်းခြေဒေသများတွင် ရေဘေးအန္တရာယ်အတားအဆီး တည်ဆောက်သွားရန် အင်ဒိုနီးရှားအစိုးရက ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်သွားမည်

**ဂျကာတာ ဇွန် ၁၄**

အင်ဒိုနီးရှားနိုင်ငံတွင် ကမ်းခြေဒေသများ၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံချက်အရ ကမ်းခြေတွင် အတားအဆီးများတည်ဆောက်သွားရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရကထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အတားအဆီးတည်ဆောက်သွားရေးအတွက် အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံထိ အသုံးပြုသွားရန်လျာထားပြီး တည်ဆောက်သွားမည့်ဧရိယာ ကျယ်ဝန်းသည့်အတွက်ကြောင့်လည်း ကုန်ကျစရိတ် မြင့်မားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းကို ၂၀၁၄ ခုနှစ်က အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး အကြောင်းအမျိုးမျိုးကြောင့် ခေတ္တရပ်နားထားရကြောင်း၊ တည်ဆောက်သွားမည့် အတားအဆီးမှာ ၇၀၀ ကီလိုမီတာထိရှည်ကြောင်း သိရသည်။

"ရေဘေးအန္တရာယ်အတားအဆီးအတွက် အခြေခံအဆောက်အအုံတည်ဆောက်သွားဖို့ စီစဉ်နေပါတယ်။ မြောက်ဂျာဗားကျွန်းဘက်မှာ တည်ဆောက်သွားမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဖိတ်ခေါ်သွားမယ်။ ရေကြီးရေလျှံမှုဟာ နှစ်စဉ်နှစ်တိုင်း ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေပါတယ်။ ဒါကြောင့် အတားအဆီးတည်ဆောက်သွားမဲ့ စီမံကိန်းကို ပြန်လည်အကောင်အထည်ဖော်ဖို့ စီစဉ်လာခြင်းဖြစ်ပါတယ်။ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံထိကုန်ကျနိုင်ပါတယ်"ဟု အင်ဒိုနီးရှားသမ္မတ ပရာဘိုဝူက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## အမေရိကန်နိုင်ငံ၌ မျိုးသုဥ်းလုနီးပါး ညဗျိုင်းမျိုးစိတ်များ ပြန်လည်ရောက်ရှိကျက်စား

**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန်နိုင်ငံ၌ မျိုးသုဥ်းလုနီးပါး ညဗျိုင်းမျိုးစိတ်များ ပြန်လည်ရောက်ရှိကျက်စားလျက်ရှိကြောင်း Urban Wildlife Institute မှ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ညဗျိုင်းများသည် အမေရိကန်၌သာနေငှက်မျိုးစိတ်များဖြစ်သော်လည်း ဩစတြေးလျနှင့် အန္တာတိကမှလွဲ၍ ကမ္ဘာ့တိုက်ကြီးအတော်များများတွင် တွေ့ရှိရသည့် မျိုးစိတ်ဖြစ်ကြောင်း၊ အဆိုပါငှက်များသည် လူသားများ၏ အလွန်အကျွံအမဲလိုက်မှု၊ ရေတိမ်များ ပျောက်ကွယ်သွားမှုများကြောင့် ကောင်ရေကျဆင်းလာကာ ၁၉၇၀ ပြည့်နှစ်များကတည်းက အီလီနွိုက်ပြည်နယ်တွင် ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရကြောင်း တောရိုင်းတိရစ္ဆာန် စီမံခန့်ခွဲမှု ညှိနှိုင်းရေးမှူး ဟင်နရီအဒမ်က ပြောကြားခဲ့သည်။

အီလီနွိုက်ပြည်နယ်တွင် လုံးဝပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့သော ငှင်းငှက်များသည် ချီကာဂိုမြို့ရှိ သဘာဝဘေးမဲ့တောတွင် ဂေဟစနစ်များ ကောင်းမွန်စွာထိန်းသိမ်းခြင်းကြောင့် လွန်ခဲ့သော ၁၅ နှစ်ကစတင်ကာ တဖြည်းဖြည်း ပြန်လည်ကျက်စားလာကြောင်း သိရသည်။

ထို့ပြင် အင်ဒီယားနား၊ ကင်တပ်ကီ၊ လူဝီစီယားနား၊ ဖလော်ရီဒါနှင့် ဂျော်ဂျီယာပြည်နယ်မှ ရာနှင့်ချီသော ထိုဗျိုင်းများသည် နှစ်စဉ်မတ်လလယ်မှစတင်၍ ထိုနေရာတွင် စုရုံးရောက်ရှိလာကြသည်။

၂၀၂၂ ခုနှစ် ဧပြီလက ကောက်ယူထားသော စစ်တမ်းများအရ အဆိုပါငှက်ကောင်ရေသည် ၇၆၈ ကောင်ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် မေလလယ်တွင် ၇၅၁ ကောင်သာရှိတော့ကြောင်း၊ လက်ရှိတွင် ကောင်ရေ ၂၄၀ ခန့်သာကျန်ရှိတော့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

# မိခင်ဟူသည်

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ပုံပြင်ကတော့ " မိခင်ဟူသည်" လို့အမည်ရတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ကျေးငှက်တိရစ္ဆာန်တွေပေါတဲ့ တောကြီးရှိသတဲ့။ တိရစ္ဆာန်တွေပေါသလို စားသောက်စရာ သစ်သီးပန်းမန်တွေကလဲ ပေါသတဲ့ကွယ်။ ဒါကြောင့် တောအနီးကလူတွေဟာ ဒီတောလေးကို အမှီအခိုပြုပြီး ဝမ်းရေးကို ဖြေရှင်းနေကြသတဲ့။ အဲဒီတောထဲမှာ ကြွက်မြီးတိုတို့မိသားစုလဲ နေထိုင်သတဲ့ကွယ်။ ကြွက်မြီးတိုဟာ သူ့ရဲ့ခင်ပွန်းနဲ့အတူ သားသမီးတွေနေဖို့၊ စားဖို့အရေးကြိုးစားဆောင်ရွက်ပေးသတဲ့ကွယ်။ သားသမီးတွေအရွယ်ရောက်လာတဲ့အခါ ကြွက်မြီးတိုဟာ သူ့ခင်ပွန်းနဲ့အတူ သားသမီးတွေကို ကြွက်တို့တတ်အပ်တဲ့ ပညာတွေကို သင်ကြားပေးသတဲ့ကွယ်။

တစ်နေ့မှာတော့ ကြွက်မြီးတိုရဲ့ သားသမီးတွေဟာ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့အတူ ပျော်ရွှင်စွာကစားနေကြတာပေါ့။ ကစားကြရင်း ရန်ဖြစ်သတဲ့။ ရန်ဖြစ်ကြတဲ့အခါ အခြားကြွက်တွေက ကြွက်မြီးတိုရဲ့ သားသမီးတွေကို ကဲ့ရဲ့လှောင်ပြောင်သတဲ့ကွယ်။

"မြီးတိုသား မြီးတိုသား အင်္ဂါစုံလို့လား။ တို့ကိုကြည့်ပါလား" ဆိုပြီး အခြားကြွက်တွေက သူတို့ရဲ့လှပတဲ့အမြီးတွေကို ယမ်းပြပြီး လှောင်ကြတာပေါ့။ အဲဒီအဖြစ်အပျက်တွေဖြစ်ပြီးတဲ့ နောက်မှာ ကြွက်မြီးတိုရဲ့ သားသမီးတွေဟာ သူ့မိခင်နဲ့အပြင်ထွက်ဖို့ရှက်လာကြသတဲ့။ မိခင်ကြွက်မြီးတိုကို အချစ်တွေလျော့လာတာပေါ့ကွယ်။ သားသမီးတွေရဲ့အမူအရာကို မိခင်ကြွက်မြီးတိုက ရိပ်မိသတဲ့ကွယ်။ ကြွက်မြီးတိုကတော့ သားသမီးတွေရဲ့အမူအရာကို သိပေမဲ့ ကြွက်တို့တတ်အပ်တဲ့ ပညာတွေကို ဆက်လက်သင်ကြားပေးနေသတဲ့။

"သားတို့သမီးတို့ လူတွေရဲ့အန္တရာယ်ကလွတ်ဖို့ မင်းတို့ခွန်အားနဲ့ အိမ်ဆောက်ကြကွာ" လို့ မိခင်ကြွက်မြီးတိုက ဆိုလိုက်သတဲ့ကွယ်။ အဲဒီအခါ သားသမီးတွေက–

" ငါတို့အမေဟာ သူနှစ်တိုင်းလုပ်လာပြီး ဒီနှစ်မှ ငါတို့ကိုလုပ်ခိုင်းတယ်။ မိခင်ဖြစ်ပြီး သားသမီးကို ခိုင်းရက်တယ်။ ငါတို့ကို မချစ်ဘူး" ဆိုပြီး တစ်ယောက်တစ်ပေါက်နဲ့ မိခင်ကြွက်မြီးတိုကို အပြစ်တင်သတဲ့။ နောက်ပြီး ကြွက်မောင်နှမတွေဟာ မိခင်ကြွက်မြီးတိုကို ထားခဲ့ပြီး အဝေးကိုထွက်သွားဖို့ ဆုံးဖြတ်ကြသတဲ့ကွယ်။ သားသမီးတွေရဲ့ ပြောဆိုသံကို ဖခင်ကြွက်ကြီးကကြားတဲ့အခါ စိတ်မကောင်းဖြစ်သွားသတဲ့ကွယ်။ ဒါကြောင့် ဖခင်ကြွက်ကြီးက သားသမီးတွေကို အနားခေါ်လိုက်သတဲ့။



" ကဲ... သားတို့သမီးတို့ သေချာနားထောင်။ မင်းတို့မိခင်ဟာ မင်းတို့ကိုချစ်လို့ ဒီအရွယ်ရောက်အောင်ရှာဖွေကျွေးပြီး ပညာတွေလဲ သင်ပေးတယ်။ အခုအိမ်ဆောက်ခိုင်းတယ်ဆိုတာ သူမလုပ်ချင်လို့ ပျင်းလို့မဟုတ်ဘူး။ သားသမီးတွေရဲ့ အရည်အချင်း ဘယ်လောက်ရှိသလဲကြည့်ပြီး မင်းတို့ရဲ့လိုအပ်ချက်ကို ပြုပြင်သင်ကြားပေးမလို့။ ဒါကြောင့် မိခင်ကို အပြစ်မတင်ကြနဲ့" ဟု ပြောဆိုဆုံးမသတဲ့။ အဲဒီအခါ အငယ်ဆုံး ကြွက်လေးက–

"အဖေ အမေက သားတို့နဲ့ ဘာလို့ မတူတာလဲ။ သားတို့မှာ အမြီးရှိပြီး၊ အမေ့မှာ ဘာလို့အမြီးမပါတာလဲ။ သူငယ်ချင်းတွေက သားတို့ကို မြီးတိုသား မြီးတိုသားလို့ စကြတယ်အဖေ။ ဒါကြောင့် အမြီးမရှိတဲ့ အမေနဲ့ မနေချင်ဘူး။ ရှက်တယ်"လို့ ပြောသတဲ့။ အဲဒီအခါ ဖခင်ကြွက်ကြီးက–

"သားသမီးတို့ နားထောင်ကြ။ မင်းအမေဟာ မွေးကတည်းက အမြီးပါတယ်"

ကြွက်ပေါက်ကလေးတွေဟာ ဖခင်စကားကို ကြားပြီး အံ့အားသင့်သွားကြသတဲ့။

" တစ်နေ့ အဖေမရှိခိုက် မင်းတို့မွေးတဲ့အချိန်ပေါ့။ သားတို့ဆီကို ခွေးတစ်ကောင်နဲ့ ကြွက်သတ်သမားရောက်လာသတဲ့။ ခွေးက သားတို့အနံ့ကိုရပြီး သားတို့အိမ်ကိုဖျက်ဆီးဖို့ကြိုးစားနေတာပေါ့။ အဲဒီအချိန်မှာ မင်းတို့အမေက စဉ်းစားတယ်။ ငါ့သားသမီးတွေအသက်ချမ်းသာဖို့ အရေးကြီးတယ်။ ငါသေရင်သေပါစေ။ ငါသာ ဒီအိမ်က ထွက်သွားရင် ခွေးကြီးက ငါ့နောက်လိုက်မှာပဲ။ ငါ့နောက်လိုက်ရင် ငါ့သားသမီးတွေအသက်အန္တရာယ်က လွတ်မှာပဲဆိုတဲ့အတွေးနဲ့ သားတို့ကိုထားခဲ့ပြီး ခွေးကြီးမြင်အောင် အယောင်ပြထွက်ပြေးတာပေါ့။ ခွေးကြီးရန်က လွတ်ပေမဲ့ ကြွက်သတ်သမားက မင်းတို့အမေကို လှံနဲ့ထိုးလိုက်တဲ့အခါ အမြီးကိုထိုးမိပြီး အသက်အန္တရာယ်က လွတ်လာတာပေါ့။ သားသမီးတို့ရဲ့ အသက်ကို ကယ်ရင်း အမြီးကိုဆုံးရှုံးလိုက်ရတာပေါ့" လို့ပြောသတဲ့ကွယ်။ ဖခင်ကြွက်ကြီးရဲ့စကားကို ကြားပြီး သားသမီးတွေဟာ မိခင်ကြွက်မြီးတိုရဲ့ အသက်ပေးပြီး ချစ်တဲ့မေတ္တာ၊ စေတနာကို နားလည်သွားသတဲ့ကွယ်။ အဲဒီအချိန်ကစပြီး မိခင်ကြွက်မြီးတိုကို ပိုချစ်ပြီး ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲသားသားမီးမီးတို့ရေ။ "မိခင်ဟူသည်" ပုံပြင်ထဲကအတိုင်း မိဘဆိုတာ သားသမီးကို အသက်ပေးပြီး ချစ်တယ်ဆိုတဲ့အကြောင်း နားလည်သဘောပေါက်ကာ မိဘကျေးဇူးကို ပြန်ဆပ်နိုင်တဲ့ သားကောင်း၊ သမီးကောင်းရတနာတွေ ဖြစ်ကြပါစေကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

---

# ကျောင်းတက်ကြကွယ်တို့မောင်မယ်

♦ ဝတ်စုံတူညီ သေချာဝတ်လို့
နေ့စဉ်နံနက် ကျောင်းတက်မယ်။

♦ စာအုပ် ခဲတံ ပေတံများနဲ့
ကျောင်းသုံး ပစ္စည်း စုံလို့ရယ်။



♦ ညီ မောင်မယ် သူငယ်ချင်းများနဲ့
ကျောင်းကြီးမှာကွယ် ပျော်ကြမယ်။

♦ အေ ဘီ စီ ဒီ ထိုမှစလို့
ကကြီး ခခွေး လက်ရေးခြယ်။

♦ လာပါ လာပါ သူငယ်ချင်းများတို့
ကျောင်းကို သွားလို့ စာသင်မယ်
ကျောင်းတက်မယ် ကျောင်းတက်မယ်။

**သုတလင်း (ဆင်ပေါင်ဝဲ)**

# ယင်ကောင်အန္တရာယ်

♦ ယင်ကောင်ကလေး တဝီဝီ
ရောဂါပိုးတွေချီ၊
အစားအသောက်ဆီ သူခိုကပ်
ဝမ်းရောဂါဖြစ်တတ်။



♦ ညစ်ပတ်လက်တွေ ဆေးကြော
အစာမစားမီအချိန်ခါ၊
ယင်နားစာဆို မစားရ
ရှောင်ကြဉ်ပြုအပ်ကြ။
ရောဂါကင်းစင်ပ။ ။

**ရွှေတိုး(ထုံးဘို)**

# ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၉၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၉၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်း ၃၈၆၆၈ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကနီမြို့နယ်တွင် ၆၈ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၇၃၀ နှင့် ပုလဲမြို့နယ်တွင် ၁၅၆ ဧက စုစုပေါင်း ၂၉၅၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲတီစိမ်း ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီ အောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ ရှိတယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်း၊ မျိုးသန့် တွေသုံးစွဲဖို့ ပညာပေးတာတွေရှိ တယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း စိုက်ပျိုးရန်အတွက် မြို့နယ် အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၅၄၆၂ ဧက၊ ကနီမြို့နယ်တွင် ၁၂၆၆ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၇၀၄၃ ဧကနှင့် ပုလဲမြို့နယ်တွင် ၃၅၀၂ ဧက စုစုပေါင်း ၃၈၆၆၈ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား ကျရောက်မှုကင်းရှင်းရေး၊ ဓာတ် မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစား သုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရ ရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မကွေးမြို့နယ် မကြီးစမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး


**မကွေး ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မကြီးစမ်းကျေး ရွာ၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံ ငွေဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးနှင့် ဝန်ထမ်းများက ကျေးရွာကော် မတီဝင်များနှင့်အတူ မကြီးစမ်း ကျေးရွာ၌ စက်ရေတွင်းတူးဖော် နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီးနောက် ခရိုင်ဦးစီးမှူး က တာဝန်ရှိသူများ၊ ကျေးရွာကော် မတီဝင်များနှင့်တွေ့ဆုံကာ သတ် မှတ်ကာလအတွင်း စံချိန်စံညွှန်း များနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး တို့ကို အလေးထားဆောင်ရွက် ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် မကြီးစမ်း ကျေးရွာ၌ တွင်းအကျယ် လေးလက်မ၊ အနက် ပေ ၆၀၀ ရှိသော စက်ရေတွင်းတူးဖော် ခြင်းလုပ်ငန်း၊ ဂါလံ ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း လုပ်ငန်းနှင့် ၇ ဒသမ ၇ ကီလိုဝပ် ရှိသော ဆိုလာစနစ်သုံး ရေတင် စနစ်တပ်ဆင်ခြင်း လုပ်ငန်းများ ကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံ ငွေကျပ် ၉၅ ဒသမ ၁၄ သန်း အသုံးပြုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ မေ ၂၅ ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာနှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက မကြီးစမ်းကျေးရွာရှိ အိမ်ခြေ ၅၅ အိမ်မှ လူဦးရေ ၂၈၂ ဦးနှင့် ကျွဲ၊ နွား၊တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိ မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

**ချိုလေး**






ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



ပြင်ဦးလွင်
**နန်းမြိုင်ကော်ဖီ**




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊ အကွက်အမှတ်(၁၆၇) ဦးပိုင်အမှတ်(၄၄)(၁၉၈၁-၈၂) ဘိုးဘွားပိုင်မြေ ဧရိယာ(၀.၀၃၄၆)နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ စိမ်းလဲ့ရိပ်သာ၊ အမှတ်(၄၂-အီး)၊ အခန်းအမှတ်(၁/K2)၊ ပထမထပ်နေ (ဘ) ဦးခင်မောင်ရင်၏သားများဖြစ်ကြသော ဦးကြည်စိုး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၀၁၅၈၄)ကိုင်ဆောင်သူနှင့် ဦးထွန်းနောင်စိုး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/ရကန(နိုင်)၀၀၆၂၆၉) ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးခင်မောင်ရင်နှင့် မိခင်ဒေါ်နုနုကြည်တို့ကွယ်လွန်သည့်အခါ သားသမီးများဖြစ်ကြသော ဦးကြည်စိုး၊ ဦးထွန်းနောင်စိုး၊ ဒေါ်ဟန်စုယဉ်တို့ (၃)ဦးသည် အမွေခံသားသမီးများအဖြစ် ကျန်ရစ်ခဲ့ကြပါသည်။ ထို့အတူ အထက်လိပ်စာပါ ဘိုးဘွားပိုင်မြေနှင့် (၃)ထပ်တိုက်တစ်လုံး အမွေပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

သို့ပါ၍ အထက်လိပ်စာပါ ဘိုးဘွားပိုင်မြေနှင့် (၃)ထပ်တိုက်တို့အား ဦးကြည်စိုးနှင့် ဦးထွန်းနောင်စိုးတို့၏ သဘောတူညီမှုမပါဘဲ တိုက်အိမ်ပြင်ဆင်ခြင်း၊ ဆောက်လုပ်ခြင်း၊ ဖြိုဖျက်ခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်းတို့မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြေညာချက်အား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးချစ်ကိုကို (ဘဏ်)
Bsc.(Phy), H.G.P, D.B.L, D.M.L, D.I.L, D.A.Psy, WIPO(Switzerland) P.G.D.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၇)

ဒေါ်နေခြည်ဝင်းထွဋ်(LL.B,WIPO)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၁၉)

ဒေါ်စန္ဒာအောင်(LL.B,LL.M,WIPO)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၀၀)

ဒေါ်မိုးပြည့်လှိုင်(LL.B,WIPO)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၁၀)
အမှတ်-၃၃/၄၉၊ ရှိုင်းကွန်ဒို(မြေညီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၄၀၅၅၆၇၊ ၀၉-၉၆၂၈၈၆၈၈၅၊

ဒေါ်ညိုညိုထွန်း(**P.G.D.L,D.B.L,D.I.L**)
အထက်တန်းရှေ့နေ(စဉ်-၅၂၉၂၀)
**၂၁ လမ်း၊ ၈၈ x ၈၉ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၃၈၈၁၈၄**

## အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ နယ်မြေ(၁၀)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေမြင့်မြတ်နိုး (ဘ) ဦးမိုးကျော်၊ ၅/စကန(နိုင်)၂၅၉၇၃၆ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်မေမြင့်မြတ်နိုးအမည်ဖြင့် မည်သူမဆို အင်တာနက်၊ Viber၊ Facebook တို့မှလည်းကောင်း၊ ပတ်ဝန်းကျင်၊ ရပ်ကွက်အတွင်း၌လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေအား စိတ်အနှောင့်အယှက်ဖြစ်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ မမှန်မကန်စွပ်စွဲပြောဆိုနေမှုများအား ရပ်တန့်ပေးရန်နှင့် မရပ်တန့်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
ဒေါ်မေမြင့်မြတ်နိုး
၅/စကန(နိုင်)၂၅၉၇၃၆
နယ်မြေ (၁၀)၊ ပိုးတန်းရပ်၊
စစ်ကိုင်းမြို့။

**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်လှိုင်လှိုင်မြင့်အောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၅၉)
တကောင်းဗျည်းရပ်၊ စစ်ကိုင်းမြို့။
ဖုန်း ၀၉-၄၂၃၇၂၀၁၂၀

## အမည်ပြောင်း

ဝမ်းတွင်းမြို့နယ်၊ ပျားစွဲကျေးရွာ၊ အထက(ခွဲ) Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးဆန်းထူး၏သား မောင်ပိုင်ထက်နောင်အား မောင်ပိုင်ဂုဏ်ရည်ခန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ပိုင်ဂုဏ်ရည်ခန့်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အားမာန်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်စိုင်းခွဲစစ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇာနည်မောင်ဖြစ်ပါကြောင်း။ **ဦးဇာနည်မောင်(၅/တဆန(နိုင်)၁၀၈၂၀၆)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပျောက်ဆုံးကြောင်း

မံစီမြို့နယ်၊ မန်မွန်းကျေးရွာနေ မနန်းခမ်းယုံး (ဘ) ဦးဆွဲ့ဆိုင်ဆန်လင်း(၁/မစန(နိုင်)၀၁၀၆၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-681876)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၈၆၃၈၃၆၇၁**

## ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့၊ ကျောင်းရွာအုပ်စု၊ ကျောင်းရွာကျေးရွာနေ မောင်ဖွဲ့ထက်အောင် (ဘ) ဦးဌေးအောင်(၉/မထလ(နိုင်)၂၇၄၄၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၀၅၁၄၇၂၀**

## ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့၊ အမှတ်(၁၄)၊ အောင်မေတ္တာရပ်ကွက်နေ မနန်းခမ်းပန် (ဘ) ဦးခမ်းယီ(၁၃/နခန(နိုင်)၀၅၈၅၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-702311)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၁၉၈၆၈၁၇

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ အီနိုင်းအုပ်စုနေ မကြူဖန် (ဘ) ဦးလူကျန်ရင် (၁၃/လရန(နိုင်)၁၁၄၈၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၇၉၂၂၀၄

❖ **စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာစာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကို တန်ဖိုးထားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် မြဝတီအက်ဖ်စီအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပရာ မြဝတီအက်ဖ်စီအသင်းနှင့်ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲအသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြဝတီအက်ဖ်စီအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်တွင် နိုင်ဇင်ထက်၊

စာမျက်နှာ ၂၂ ကော်လံ ၄ ☆

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၁ ရက်တွင် ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်၊ မြောင်းမြခရိုင်နှင့် စာမျက်နှာ ၂၂ ကော်လံ ၁ ❑




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

**အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်** စာမျက်နှာ- ၁၈

**ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၉၄၀၀ စိုက်ပျိုးမည်** စာမျက်နှာ- ၁၅

**ထူးခြားသည့် နေ့ အပူချိန်များ (၁၄-၆-၂၀၂၅)**

| | | | | |
|---|---|---|---|---|
| ညောင်လေးပင် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la





Phone; 09973037364(Office), 09971922346(Mill) မြန်မာပြည်တွင်ထုတ်လုပ်သည် သကြားဖြူ White Sugar